ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၇ ရက်၊ စနေနေ့။ Saturday, 4 March 2017 (၈၈၅၅)



# အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုရန်ကိစ္စရပ်များ အမြင်ချင်းဖလှယ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် The Global Fund အမှုဆောင်ဒါရိုက်တာအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်နိုင်ငံ The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် The Global Fund အဖွဲ့အစည်းမှပေးအပ်သော ရန်ပုံငွေများနှင့် အစီအစဉ်များကိစ္စ၊ The Global Fund နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ကိစ္စ၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်သွားခြင်းဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်ကို အထောက်အကူပြုရန် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများပဏ်ဒရယ်ကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းများ အဆိုပြုထားသည့် အဆိုပြုချက် (၉)ချက် သဘောတူညီချက်ရရှိ**

စာမျက်နှာ - ၈

**လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ရေးရာဆိုင်ရာ ဓာတ်ပုံဇာတ်လမ်းများ မတ် ၄ ရက်နှင့် ၅ ရက်တွင် မဟာဗန္ဓုလပန်းခြံ၌ ပထမဆုံးအကြိမ် စတင်ပြသမည်**

စာမျက်နှာ - ၁၁

# ကျပ် ၅၀၀ တန် အောင်ဘာလေထီ အက္ခရာ ၃၅ လုံးကျော် ရောင်းချပြီးဖြစ်

**ရန်ကုန် မတ် ၃**

မတ် ၁ ရက်တွင် စတင်ရောင်းချပေးခဲ့ပြီး ဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်ပေးမည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို မြန်မာတစ်နိုင်ငံလုံးရှိ ကိုယ်စားလှယ် ၂၀၀၀ ကျော်ထံသို့ ထုတ်ဝေရောင်းချပေးထားရာတွင် "က"အက္ခရာမှ "သ" အက္ခရာအထိ အက္ခရာ အလုံး ၃၀၊ အရန်ထီအဖြစ် "ဟ" အက္ခရာနှင့် "ဠ" အက္ခရာ ("အ" အက္ခရာ မပါဝင်) အပါအဝင် အရန်ထီ "ကက" အက္ခရာမှစ၍ အက္ခရာ အရေအတွက် ၅၂ လုံး ရိုက်နှိပ်ထားပြီး လက်ရှိတွင် အက္ခရာ ၃၅ လုံးကျော် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ဆက်လက်၍ ဝယ်ယူလိုသူများကို အရန်ထီလက်မှတ်များ ရောင်းချပေးလျက်ရှိရာ ရောင်းချရန် ကျန်ရှိနေသေးသည့် အက္ခရာ ၁၆ လုံးကျော်ကို အနည်းဆုံး ထီစာအုပ်ရေ ၁၀၀ နှင့်အထက် ဝယ်ယူလိုသူများအား ရောင်းချမည်ဖြစ်ပြီး TF-1 ချလန်ဖြင့် ဘဏ်သို့ငွေသွင်းပြီး ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့်(၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အက္ခရာအရေအတွက် ၅၂ လုံး၊ ထီစာအုပ်ပေါင်း ၄၂၅၄၅၃၆ အုပ်၊ ထီစောင်ရေပေါင်း ၄၆၇၉၉၈၉၆ စောင် ထုတ်ဝေထားပြီး ရောင်းချပြီးအက္ခရာအရေအတွက်မှာ ၃၅ လုံးကျော်၊ ထီစာအုပ်ပေါင်း ၂၈၈၈၈၈၉ အုပ်၊ ထီစောင်ရေပေါင်း ၃၁၇၇၇၇၇၉ စောင် ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့





# ကြေးမုံ

## ခြိုးခြံချွေတာ သုံးစွဲပါ

ယခုအခါ နွေရာသီကာလသို့ရောက်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေ့အခါ နေအပူရှိန်ပြင်းထန်လာပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး ပူပြင်းခြောက်သွေ့နေသည်ကို တွေ့ရသည်။ မြစ်ချောင်းအင်းအိုင်များ အပူရှိန်ကြောင့် ရေများတစ်စတစ်စခန်းခြောက် လျော့နည်းလာသလို သစ်ပင်ပန်းမန်များ ညှိုးရော်ခြောက်သွေ့လာသည်။

ထိုအခါ ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အပူဒဏ်ကာကွယ်ရေးကို ဂရုစိုက်ရမည်ဖြစ်သလို ပူပြင်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲနှင့်အန္တရာယ်များကိုလည်း သတိပြုရမည်ဖြစ်သည်။ အခက်အခဲမှာ သောက်သုံးရေ၊ စိုက်ပျိုးရေအခက်အခဲဖြစ်ပြီး အန္တရာယ်များမှာ လျှပ်စစ်မလုံလောက်မှု၊ မီးလောင်ကျွမ်းမှု မဖြစ်ပွားရေးဖြစ်သည်။

ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်သော မြို့ကြီးများတွင် မြို့နေလူထုအတွက် သောက်သုံးရေပေးဝေမှုမှာ နေ့စဉ်အရေးကြီးသည်။ မြို့နေလူထုအတွက် သောက်သုံးရေဖူလုံစေရန် အဓိကရေပေးဝေသော သောက်သုံးရေကန်ကြီးများမှာလည်း ရာသီဥတုဒဏ်ကို မလွန်ဆန်နိုင်ဘဲ ပူပြင်းမှုကြောင့် ရေများတစ်စတစ်စခန်းခြောက် လျော့နည်းလာမည်ဖြစ်သည်။

ထိုသို့ သောက်သုံးရေလျော့နည်းလာချိန်တွင် မိမိတို့သုံးစွဲရမည့်ရေအတွက်မခက်အောင် တစ်ဦးချင်းစီ၊ တစ်စုတစ်ဖွဲ့ချင်းစီ သောက်သုံးရေကို ချွေတာသုံးစွဲတတ်ဖို့ လိုအပ်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့် သုံးရေ၊ သောက်ရေများကို ဖောဖောသီသီသုံးစွဲတတ်သည့် အလေ့အကျင့်ရှိသည်။ ရေအတွက်မပူရသည့် မိုးရာသီကာလတွင် လိုသလိုသုံးစွဲနိုင်သော်လည်း ရေရှားပါးသည့် ယခုလိုနွေရာသီကာလတွင်မူ သောက်ရေ၊ သုံးရေတို့ကို ခြိုးခြံသုံးစွဲရန် သတိမူဖို့လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင်လည်း ထိုနည်းလည်းကောင်းဖြစ်မည်။ စိုက်ရေးပျိုးရေးအတွက် မိမိတို့အပင်များကို ရေပေးဝေရန်လိုအပ်မည်ဖြစ်ပြီး ရေမရပါက မိမိတို့အပင်များ ဆက်ရှင်သန်နိုင်မည်မဟုတ်ချေ။ ရေရှားပါးသော နွေရာသီကာလများတွင် ရေမရသဖြင့် သစ်ပင်မစိုက်နိုင် မဖြစ်ရအောင် သစ်ပင်များအား ရေကိုလိုသည်ထက် လျှော့ချပြီး စနစ်တကျရေပေးသည့်နည်းပညာများလည်း တတ်သိနားလည်ထားရန် လိုအပ်သည်။ ရေမရှိသော ကန္တာရများတွင် သစ်ပင်အတွက် ရေဓာတ်ရအောင် လုပ်နည်းကိုင်နည်းများမှာ အတုယူအားကျဖွယ်အဖြစ် မှတ်သားလုပ်ဆောင်သင့်သည်။

လျှပ်စစ်အန္တရာယ်မှာလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးဝေသည့်စနစ်တွင် အဓိကအားထားထုတ်ယူမှုပြုနေသည်မှာ ရေအားလျှပ်စစ်ဖြစ်သည်။ ရေကိုအဓိကအားပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် နွေရာသီကာလ ရေလျော့နည်းသွားမှုနှင့်အတူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမှုမှာလည်း လျော့ကျသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြို့ပြများဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူမှုဘဝနှင့် ကုန်ထုတ်လုပ်ငန်းများလည်း တိုးပွားလာသဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုများ တစ်နေ့ထက်တစ်နေ့မြင့်မားလာသည်ကိုတွေ့ရသည်။ ယမန်နှစ်က တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ်သန်းပေါင်း ၁၇၈၁၂ ရှိပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ်သန်းပေါင်း ၁၉၅၉၃ အထိရှိလာမည်ဟု ခန့်မှန်းထားသည်။

ဓာတ်အားသုံးစွဲမှု ဝန်နှင့်အားမမျှသောအခြေအနေတွင် ယခုကဲ့သို့သော နွေရာသီကာလများတွင် ဓာတ်အားပေးမှု၌ မနိုင်ဝန်ကိုထမ်းရသဖြင့် လျှပ်စစ်ဘက်ဆိုင်ရာမှ ဝန်အားကိုလျှော့ချပေးရသည်။ သုံးစွဲသူများဘက်ကမူ ဝန်အားကိုလျှော့ချမပေးဘဲ သုံးစွဲမြဲသုံးစွဲကြသဖြင့် မနိုင်ဝန်ဖြင့် ဓာတ်အားမလုံလောက်မှု၊ လျှပ်စစ်အန္တရာယ်များနှင့် ကြုံတွေ့ကြရသည်။

ထို့ကြောင့် ယခုကဲ့သို့ နွေရာသီအချိန်ကာလတွင် ပြည်သူများ၏ လူမှုဘဝလိုအပ်ချက်များ အခက်အခဲမရှိစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားများကို ခြိုးခြံချွေတာပြီး လျှော့ချသုံးစွဲကြရန် တိုက်တွန်းချင်ပါသည်။ ။

## ရွှေတိဂုံစေတီတော် ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၃**

ရွှေတိဂုံစေတီတော် ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များအား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်စိုးက ဗုဒ္ဓပူဇနိယမင်္ဂလာ အဖွင့်စကား ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ဆရာတော်များနှင့် ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်စိုးတို့က ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာပဋ္ဌာန်း ပစ္စယနိဒ္ဒေသဒေသနာတော်များကို ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗဟိုမဏ္ဍပ်အတွင်းရှိ ဘာသာရေးအသင်း အဖွဲ့များ၊ အရုဏ်ခံမုခ်ဦး လေးခုတွင် နေရာယူထားကြသော ပရိသတ်များက ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော်အတွင်း အသင့်နေရာယူထားသော သံဃာတော်မှ အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ဆက်လက်ရွတ်ဖတ်ပူဇော်သည်။



ရွှေတိဂုံစေတီတော်၏ ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းဓမ္မပူဇာကို သြဝါဒါစရိယဆရာတော်ကြီးများ၏ ကျောင်းတိုက်များမှ သံဃာတော် အရှင်မြတ်အပါး ၁၂၀ တို့က နေ့စဉ်အလှည့်ကျ ယနေ့မှ မတ် ၁၂ ရက် တပေါင်းလပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် ၂၁၆ နာရီ အသံမစဲ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။ **(ဇော်မင်းလတ်)**



## နွေရာသီ ရေအခက်အခဲမရှိစေရေးဆောင်ရွက်

**ဘားအံ မတ် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် အောက်ရေပူကျေးရွာအုပ်စု၊ ကိုသက်ဝေကျေးရွာတွင် နွေရာသီရေရှားပါးမှု အခက်အခဲမရှိစေရေးအတွက် အဝီစိတွင်းနက်နှင့် မိုးရာသီကာလတွင် သွားလာရေးအဆင်ပြေစေရေး တာပေါင်ကျေးရွာနှင့် ကဒီကံကျေးရွာကို ဆက်သွယ်သွားလာနိုင်သော မြေသားလမ်းတို့ ပြီးစီးသွားပြီး အဆိုပါလမ်းပေါ်ရှိ လပိုချောင်းကူးတံတားကို မတ်လ ဒုတိယပတ်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်းဘွဲမြို့နယ်အပါအဝင် ဘားအံခရိုင်အတွင်း ရေရှားပါးသောကျေးရွာများအား တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်းနှင့် ရေလှောင်ကန်များ၊ ကတ္တရာလမ်းနှင့် မြေသားလမ်းများ၊ တံတားများ၊ ရေပြွန်များနှင့် တစ်နာရီလျှင် ဂါလန် ၁၃၀၀ ထွက်ရှိမည့် အနက် ၁၅၀ ပေရှိ အဝီစိတွင်းနက် တစ်တွင်း၊ ရေစက်ရုံ ရေသိုလှောင်ကန်များအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**နေမျိုးလွင်(ဘားအံ)**

## အခြေခံကျန်းမာရေးဝန်ထမ်းများအား ကျေးရွာအလိုက်ငှက်ဖျားအလွှာခွဲခြားခြင်းသင်တန်းဖွင့်

**မယ်စဲ့ မတ် ၃**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများအား ငှက်ဖျားအလွှာခွဲခြားခြင်းသင်တန်းကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်း၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ကျေးရွာတစ်ရွာချင်းအလိုက် ငှက်ဖျားရောဂါအဖြစ်များသည့် ကျေးရွာအဖြစ်များသည့် ငှက်ဖျားပိုးအမျိုးအစားကို ဆန်းစစ်ပြီး ကျေးရွာအလိုက် ငှက်ဖျားကပ်ရောဂါဗေဒကို ဖော်ထုတ်၍ ရွာတိုင်း အလွှာခွဲခြားသတ်မှတ်ရန်နှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှု ပိုမိုလျော့နည်းပြီး ငှက်ဖျားရောဂါအမြစ်ပြတ်စေရန် ၂၀၃၀ ခုနှစ် ရည်မှန်းချက်ဖြစ်သည့် မြန်မာတစ်နိုင်ငံလုံးတွင် ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဦးတည်ချက်ကို မျှော်မှန်း၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက ပြောသည်။

အဆိုပါသင်တန်းသို့ မယ်စဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဌာနများမှ ကျန်းမာရေးဝန်ထမ်း ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၁ ရက်မှ မတ် ၄ ရက်ထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

❐

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၃**

ရန်ကုန်(ရွှေဈေး) ၈၈၉၅၀၀ - ၈၈၉၅၀၀ မန္တလေး(ရွှေဈေး) ၈၈၉၅၀၀ - ၈၈၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀/၇၄၅ ကျပ်၊ | ၇၇၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၆. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆. ၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၇၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၁၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၈၇. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၁၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၀. ၉၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ပီဝီ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးလုပ်ငန်းရှင်များစကားဝိုင်း (Business Talk) တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးလုပ်ငန်းရှင်များစကားဝိုင်း (Business Talk)နှင့် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ အမျိုးသမီးလှုပ်ရှားမှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနားကို MRTV ရုပ်သံလိုင်း၊ Myanmar President Office FacebookPage(https://www.facebook.com/myanmarpresidentoffice.gov.mm) နှင့် Myanmar State Counsellor Office Facebook Page (https://www.facebook.com/state.counsellor) တို့တွင် မတ် ၆ ရက် နံနက် ၈ နာရီခွဲမှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




# ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက လှူဒါန်းပစ္စည်းများထောက်ပံ့

**နေပြည်တော် မတ် ၃**

ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် လတ်တလောစားနပ်ရိက္ခာ ထောက်ပံ့ခြင်းနှင့် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်စဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တတ်ကျွမ်းစေရန်အတွက် လိုအပ်သော အကူအညီများပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့်အတူ ယနေ့တွင် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့တွင်ရှိသော ဂျာမိုင်ကောင်း KBC၊ မန်ခိန် KBC၊ နန့်ကွေ့စိန်ယောဟန်၊ လယ်ကုန်းဇီးအုန်၊ လယ်ကုန်းဗက်လင်၊ တပ်ကုန်းစံပြနှစ်ခြင်း၊ မန်ခိန် KBC၊ မိုင်းနားဖွံ့ဖြိုးရေးဇုန်၊ မိုင်းနားစိန့်ဂျိုးဇက်၊ ခတ်ချို၊ သာဂရသရက်တောစခန်းများရှိ နယ်မြေလုံခြုံရေး အခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့ နေထိုင်သူများထံသို့ သွားရောက်တွေ့ဆုံ အားပေးပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးသေတ္တာရိက္ခာများကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ခဲ့သည်။



ခရီးစဉ်အတွင်း မြစ်ကြီးနားမြို့နယ် လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ရောက်ရှိပြီး သင်တန်းသားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျစီစဉ်ဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ သင်တန်းသားများအတွက် တစ်ဦးချင်းဆန္ဒအရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ယူမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး အသေးစိတ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

## ရွှေ့ဖုံးမှ

ဆက်လက်ရောင်းချပေးမည့် အရန်ထီများမှာ အက္ခရာအလုံးရေ ၁၆ လုံးကျော်၊ ထီစာအုပ်ပေါင်း ၁၃၆၅၆၄၇ အုပ်၊ ထီစောင်ရေပေါင်း ၁၅၀၂၂၁၁၇ စောင်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ မတ် ၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကျန်ရှိထီလက်မှတ်များကို မတ် ၃ ရက်မှ ၂၄ ရက်အထိ ရောင်းချပေးသွားမည်ဟု သိရသည်။

ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် ချီးမြှင့်မည့် ဆုကြေးများမှာ အမြင့်ဆုံးဆု ကျပ်သိန်း တစ်သောင်းနှင့် ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် ၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ၂၀၁၇ ရက်နေ့ ဖေဖော်ဝါရီ ၂၈ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ၅၀၀ ကျပ်တန် ထီလက်မှတ်များရောင်းချခြင်းနှင့်ပတ်သက်၍ ထီလက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသော မူရင်းထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်း ရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း ထီကိုယ်စားလှယ်အား အမည်ပျက်စာရင်း (Black List) အဖြစ် သတ်မှတ်မည်ဟု ထုတ်ပြန်ခဲ့သည်။ ယင်းအပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ ပေးသွင်းထားသည့် အာမခံငွေ (Deposit) အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ကို ဆောင်ရွက်မည်ဟု ထည့်သွင်းကြေညာထားသည်။

ယင်းအပြင် ထီထိုးကံစမ်းမည့် ပြည်သူများအနေဖြင့်လည်း ထီတစ်စောင်ခြင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ မူရင်းဈေးနှုန်းအတိုင်း ရောင်းချသည့်ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြရန်နှင့် ဈေးပိုရောင်းသည်များကိုတွေ့ရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့် ဌာန၏ ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းကြေညာခဲ့သည်။

**သတင်း - ဆုနှင်းလှဲ့**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်သည့်အခါ ပြည်သူများအား ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်ဆိုသည့်ခံယူချက်ဖြင့် ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ဒီမိုကရေစီခေတ်၏ ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းဖြစ်အောင် ကျင့်ကြံနေထိုင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောကြားလိုက်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း ရဲသီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ရဲအရာရှိလေ့ကျင့်ရေးကျောင်းစစ်ရေးပြကွင်း၌ကျင်းပစဉ် ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားရာ၌ ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ ရဲချုပ်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးခဲ့သည်။

ထို့နောက် သင်တန်းဆင်း တပ်ခွဲများမှ ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီးနောက် ရဲချုပ်က ထူးချွန်ဆုရ ကျောင်းသားငါးဦးကို ဆုများပေးအပ်ချီးမြှင့်သည်။

ရဲချုပ်ဇော်ဝင်းက ရဲဘော်တို့အနေဖြင့် မိမိအထက်၊ အောက် ရာထူးအဆင့်ဆင့်မှာ အပြန်အလှန်လေးစားမှုနှင့် တာဝန်များကို ထမ်းဆောင်ကြရမှာဖြစ်ပြီး တပ်ဖွဲ့ဝင်အဆင့်ဆင့်၏ စုပေါင်းစွမ်းရည်များကို ဟန်ချက်ညီစွာပေါင်းစပ်ပြီး ပြစ်မှုတရားစီရင်ရေးစနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားလာအောင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များမှာ ပြည်သူလူထုအလွှာအသီးသီးက တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် လူ့အခွင့်အရေး လေးစားမှုဖြင့် လူ့အဖွဲ့အစည်းဝင်အားလုံးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီရဲလုပ်ငန်း၏ တိုးတက်မှုသည် ထိန်းချုပ်မှုကို ရှေးရှုသော CONTROL-ORIENTED APPROACH မှ ဝန်ဆောင်မှုကို ရှေးရှုသော SERVICE- ORIENTED APPROACH သို့ ပိုမိုကူးပြောင်းနိုင်ခြင်းအပေါ်မှာ မူတည်ကြောင်း၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်သည့်အခါ ရဲတပ်ဖွဲ့ဝင်အားလုံးသည် နိုင်ငံသားပြည်သူများကို ဆွေမျိုးအရင်းအချာများသဖွယ် သဘောထားဆက်ဆံပြီး ပြည်သူများအား ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ရမှာဖြစ်ကြောင်း။



ရဲလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ ဖြစ်ရုံသာမက ဉာဏ်အမြော်အမြင်လည်း ရှိကြရမည်ဖြစ်ပြီး အခြေအနေများ တိုးတက်ကောင်းမွန်လာစေရေး ဦးတည်ရမည့်အပြင် ရေရှည်တွင် အဆိုးဘက်သို့ ဦးတည်သည့် အကျိုးသက်ရောက်မှုမရှိစေရေးဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် တရားဥပဒေစိုးမိုးရေးအပိုင်း တာဝန်ရှိသူများအနေဖြင့် ရှောင်လွှဲမရနိုင်သည့် အခြေအနေမျိုးတွင် အင်အားကိုအသုံးပြုပြီး ဆောင်ရွက်ကြရာ၌ အချိုးအစားညီမျှမှု (Proportionality)၊ ဥပဒေနှင့်ညီညွတ်မှု (Legitimacy)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု (Necessity) စသည့် နိုင်ငံတကာစံနှုန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းတွင် တပ်တွင်း ဘွဲ့ရအမျိုးသား ၂၂၁ ဦးနှင့် အမျိုးသမီး ၁၀၆ ဦး စုစုပေါင်း ၃၂၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖောက်စဝေဂွန်ကားများကြောင့် ပြည်သူ့ကျန်းမာရေး ထိခိုက်ခဲ့ရ



**ဘော်စတွန် မတ် ၃**
ဥရောပတိုက်၌ မျှော်မှန်းနိုင်သော ဘဝသက်တမ်းမစေ့မီ စော၍ သေဆုံးရနိုင်သူဦးရေ ၁၂၀၀ အထိ ရှိခြင်းမှာ ဖောက်စဝေဂွန်ကားများက အလွန်အကျွံထုတ်လွှတ်သော ဓာတ်ငွေ့များကြောင့် ဖြစ်ရဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်၏ လေ့လာချက်သစ်တစ်ရပ်တွင် ဖော်ပြထားသည်။

သက်တမ်းမစေ့မီ သေဆုံးရသူ တစ်ဦးချင်းစီသည် မျှော်မှန်းနိုင်သော ဘဝသက်တမ်းထက် ၁၀ နှစ်မျှ စော၍ သေဆုံးရနိုင်သည်။ ဂျာမနီနိုင်ငံ၌ ရောင်းချခဲ့သော ဖောက်စဝေဂွန်ကားများကြောင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အလွန်အကျွံမီးခိုးထုတ်လွှတ်မှုရှိကာ ပြည်သူ့ကျန်းမာရေးကို ထိခိုက်ရသည်ဆို၏။

ဂျာမနီနိုင်ငံအခြေစိုက် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော ဖောက်စဝေဂွန်ကားကုမ္ပဏီသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကမ္ဘာတစ်ဝန်း ရောင်းချခဲ့သော ဒီဇယ်ကား ၁၁ သန်းတွင် ကိရိယာတစ်မျိုးကို တပ်ဆင်ကာ လေထုညစ်ညမ်းမှုအားဖြစ်စေသည့် မီးခိုးထုတ်လွှတ်မှုနှင့်ပတ်သက်၍ တိုင်းတာစစ်ဆေးမှုကိုလှည့်ဖျားနိုင်ရန် ရည်ရွယ်ပြုလုပ်ခဲ့ကြောင်း၊ ဒီဇယ်အင်ဂျင်အတွင်း ဆော့ဖ်ဝဲတစ်မျိုးထည့်သွင်းထားခြင်းဖြင့် မီးခိုးထုတ်လွှတ်သည့်ပမာဏအား တိုင်းတာစစ်ဆေးမှုများကို လိမ်လည်လှည့်ဖျားနိုင်ခဲ့ကြောင်း သုတေသီများက ပြောကြားကြသည်။

ဖောက်စဝေဂွန်ကုမ္ပဏီသည် မီးခိုးထုတ်လွှတ်မှုနည်းပါးသော ကားများကိုသာ တင်ပို့ရောင်းချသည်ဟု ကြွေးကြော်ကာ ကမ္ဘာတစ်ဝန်းသို့ မော်တော်ယာဉ်များကို အလုံးအရင်းဖြင့် တင်ပို့ရောင်းချခဲ့သည်။

ဥရောပတွင် ရောင်းချသည့် ကားအရေအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစံချိန်စံညွှန်းများကို ချိုးဖောက်ရှစ်သန်းအပါအဝင် ကမ္ဘာတစ်ဝန်း၌ ကားစီးရေ ၁၁ သန်းခန့်တွင် မီးခိုးထုတ်လွှတ်မှုပမာဏကို လိမ်လည်ဖော်ပြနိုင်သည့် ကိရိယာတစ်မျိုးကို တပ်ဆင်ကာထုတ်လုပ်ခဲ့သည်ဟု ဖောက်စဝေဂွန်ကုမ္ပဏီက ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဝန်ခံပြောကြားခဲ့ပြီးဖြစ်သည်။

ဖောက်စဝေဂွန်၏ Porsche နှင့် Audi အမျိုးအစားကားများနှင့် အခြားသောမော်ဒယ်များတွင် ၃ လီတာ ဒီဇယ်အင်ဂျင်များ၌ ဆော့ဖ်ဝဲတစ်မျိုးတပ်ဆင်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစံချိန်စံညွှန်းများကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည်။

ဖောက်စဝေဂွန်ကားများသည် ဥရောပ၏ မီးခိုးထုတ်လွှတ်မှု ကန့်သတ်ချက်ထက် လေးဆကျော်လွန်နေသော နိုက်ထရစ်အောက်ဆိုက်ဓာတ်ငွေ့ကို ထုတ်လွှတ်ကြောင်း၊ ဈေးကွက်များသို့ တင်ပို့ခဲ့သော ကားများကို ကုမ္ပဏီက ပြန်လည်ရုပ်သိမ်းခဲ့သည့်တိုင် ယင်းကားများ၏ ညစ်ညမ်းမီးခိုးထုတ်လွှတ်မှုသည် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေခဲ့ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

**ပီတီအိုင်။**

## ဒုံးကျည်ပစ်လွှတ်မှုပိုမိုပြုလုပ်မည်ဟု မြောက်ကိုရီးယား ခြိမ်းခြောက်

**ပြုံယမ်း မတ် ၃**
အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများ ပိုမိုပြုလုပ်သွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အဆိုပါခြိမ်းခြောက်မှုကို သောကြာနေ့ထုတ် မြောက်ကိုရီးယားအလုပ်သမားပါတီ၏ ရိုဒန်ဆင်မန်သတင်းစာ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘော ဖြန့်ကြက်မှုပါဝင်သည့် အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ကိုရီးယားကျွန်းဆွယ်ကို အကျပ်အတည်းထဲသို့ တွန်းပို့နေခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အဆိုပါထုတ်ပြန်ကြေညာချက်သည် မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၂ ရက်တွင် စမ်းသပ်ခဲ့သည့် ပဲ့ထိန်းဒုံးကျည်ကို အဆင့်မြှင့်တင်ရန် ရည်ညွှန်းခြင်းဖြစ်သည်။ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆက်လက်ပြုလုပ်နေမည်ဆိုပါက မြောက်ကိုရီးယား၏ မဟာဗျူဟာဒုံးကျည်လက်နက်များ ပစ်လွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နှစ်လကြာမြင့်မည့် စစ်ရေးလေ့ကျင့်မှုသည် ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ စတင်ပြုလုပ်ခဲ့သည်။ လွန်ခဲ့သည့်နှစ်က ပြုလုပ်သည့်စစ်ရေးလေ့ကျင့်မှုအတွင်း မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်ရှစ်စင်း ပစ်လွှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ယီမင်နိုင်ငံတွင် အစားအစာနှင့် ဆေးဝါးထောက်ပံ့မှုများ ပြတ်လပ်

**ဆာနား(ယီမင်) မတ် ၃**
ယီမင်နိုင်ငံအတွင်း အစားအစာနှင့် ဆေးဝါးထောက်ပံ့မှုများ ပြတ်လပ်လျက်ရှိသဖြင့် နိုင်ငံအတွင်းတိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းများအနေဖြင့် အစားအစာနှင့် ဆေးဝါးများ ပို့ဆောင်ရေးအတွက် ကူညီဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲက တိုက်တွန်းထားကြောင်း သိရသည်။

ယီမင်နိုင်ငံ၏လူဦးရေ သုံးပုံနှစ်ပုံ(လူဦးရေ ၁၉ မီလီယံ) ခန့်သည် အစားအစာနှင့် ဆေးဝါးထောက်ပံ့မှုများ ပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲအိုဘီရီယံက ဆိုသည်။

ယီမင်နိုင်ငံရှိ ပြည်သူများသည် ပြည်တွင်းစစ်၏ ဆိုးကျိုးများကို ခါးသီးစွာခံစားနေရပြီး အစားအစာငတ်မွတ်ခေါင်းပါးမှုများဖြင့် ရင်ဆိုင်နေရသည့်အတွက် ၁၀ မိနစ်တိုင်း ကလေးတစ်ယောက်နှုန်း သေဆုံးနေရသည်။

သမ္မတ အာရတ်ဘ်ဘူမန်ဆာဟန်ဒီအစိုးရအဖွဲ့နှင့် သူ့အားဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားနေသော ပြည်တွင်းစစ်ပွဲများသည် အချိန်အားဖြင့် နှစ်နှစ်နီးပါးခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။

နိုင်ငံတကာနယ်စည်းမခြားဆရာဝန်များအဖွဲ့က လွန်ခဲ့သောလကစပြီး ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဆေးရုံတွင် ဆေးကုသရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျက်ရှိသည်ဟု ဆရာဝန်များက မတ် ၂ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်တွင် ဆေးရုံသို့ လေကြောင်းတိုက်ခိုက်ခံရပြီးနောက် နိုင်ငံတကာနယ်စည်းမခြားဆရာဝန်များအဖွဲ့က အဖွဲ့ဝင်ဆရာဝန်များအား ယီမင်နိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့သည်။

ယီမင်နိုင်ငံအတွင်းရှိ ဆေးရုံများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်မှုများကို ရှောင်ကြဉ်ကြရန် စစ်ပွဲတွင်ပါဝင်ဆင်နွှဲနေသည့် အဖွဲ့အစည်းအားလုံးကို နိုင်ငံတကာနယ်စည်းမခြား ဆရာဝန်များအဖွဲ့က တောင်းဆိုမှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်ဟု အဆိုပါအဖွဲ့က ဆိုသည်။

**အင်န်အိတ်ချ်ကေ။**






# အယ်လ်အီးတီကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများကို ပါကစ္စတန်ဖြိုခွင်းရန် အမေရိကန်လွှတ်တော်အမတ် တိုက်တွန်း

**ဝါရှင်တန် မတ် ၃**
ပါကစ္စတန်နိုင်ငံသည် လက်ရှ်ခါအီးတိုင်ဘာ(အယ်လ်အီးတီ)ကဲ့သို့သော အကြမ်းဖက်အုပ်စုများကို ဖြိုခွင်းခြင်း သို့မဟုတ် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးအပ်ခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း ဩဇာကြီးမားသော အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ်တစ်ဦးက တောင်းဆိုလိုက်သည်။

နယူးဒေလီအခြေစိုက် မဟာဗျူဟာလေ့လာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော ဝိဝေကနန်ဒါ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်းက ဝါရှင်တန်၌ ကျင်းပသော အခမ်းအနားတစ်ရပ်တွင် ဩဇာကြီးမားသော အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အက်ဒ်ရွိုက်စ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပါကစ္စတန်အစိုးရသည် ဒိုဘန်ဒီမက်ဒရာဆာအမည်ရှိ ဘာသာရေးကျောင်းပေါင်း ၆၀၀ ခန့်ကို ပိတ်သိမ်းပေးရန် လိုအပ်ကြောင်း၊ ယင်းကျောင်းများသည် အကြမ်းဖက်သမားများကို မွေးထုတ်ပေးနေသော ကျောင်းများဖြစ်သည်ဟု အမေရိကန်ကွန်ဂရက်လွှတ်တော်နှင့် သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့တို့က ယူဆကြသည်။ ရွိုက်စ်သည် ကွန်ဂရက်လွှတ်တော်တွင် အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသားများနှင့် သက်ဆိုင်နေသော အရေးကိစ္စများဆိုင်ရာ မူဝါဒရေးဆွဲရေးအဖွဲ့ငယ်ကို ထူထောင်ခဲ့သူဖြစ်သည်။

အိန္ဒိယနှင့် အမေရိကန်အကြား ကုန်သွယ်ရေးသဘောတူညီချက်သစ်ပေါ်ထွန်းလာရန် လိုအပ်ကြောင်း၊ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ရရှိရန် ကွန်ဂရက်တွင် မိမိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုတွင် အခြေစိုက်နေထိုင်လျက်ရှိသော အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသား အရေအတွက်၏ ထက်ဝက်ခန့်မှာ ဘွဲ့လွန်ဒီဂရီများ ရရှိထားကြောင်း၊ ၎င်းတို့၏ အနာဂတ်ဘဝမှာ တောက်ပြောင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**ပီတီအိုင်။**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့်



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို အောက်တွင် ဖော်ပြထားပါသည်)။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိချိန်တွင် တစ်ဖက်ကလည်း သာသနာတော်ကွယ်ပျောက်ပျက်စီးနိုင်လောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန်၊ သာသနာ့အန္တရာယ်၊ သာသနာ့ဝန်စီးများက ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သည့်အတွေးအခေါ် အယူအဆ အဓမ္မဝါဒများကို ဟောပြောမှု၊ ပြသမှု၊ ထုတ်ဝေဖြန့်ချိမှု၊ အင်တာနက်ဝက်ဘ်ဆိုက်တွင် လွှင့်တင်မှုများ ပြန်လည်သက်ဝင်လှုပ်ရှားလျက်ရှိနေသည်ကို သိရှိရပါကြောင်း၊ အဆိုပါ သာသနာ့အန္တရာယ်များကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရတို့က အချိန်မီ ပူးပေါင်းကာကွယ်မှသာလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားမည်ဖြစ်သည်ကို လျှောက်ထားလိုပါကြောင်း။

ဒီမိုကရေစီသဘောတရားအရ လွတ်လပ်စွာ ဟောပြောခွင့်၊ ရေးသားခွင့်ရရှိသော ခေတ်ကာလ၌ သာသနာရေးရာနှင့် ဝိနိစ္ဆယမှုခင်းများကို ဆုံးဖြတ်ရာတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်၏ ဟာကွက်ပျော့ကွက်များကို အမှုရှုံးများက မီဒီယာလူမှုကွန်ရက်များမှတစ်ဆင့် ထောက်ပြဝေဖန် တိုက်ခိုက်ရေးသားမှုများ ရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်တို့သည် သာသနာရေးရာနှင့် ဝိနိစ္ဆယမှုခင်းတို့ကို ဆုံးဖြတ်ကြရာ၌ သက်သေသာဓကအထောက်အထားများ ပြည့်စုံစွာဖြင့် ဓမ္မဝိနယနှင့်အညီ မှန်ကန်တိကျစွာ ဆုံးဖြတ်ရမည့်အပြင် ပွင့်လင်းမြင်သာမှုနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကိုပါ ဒေသအခြေအနေနှင့် လိုက်လျောညီထွေရှိရေး ထည့်သွင်းစဉ်းစားဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ သမဏသာရုပ္ပမဖြစ်သော အမှုကိစ္စကို ကျူးလွန်သော ရဟန်းသာမဏေများအား ထုတ်ပြန်ထားသော ညွှန်ကြားလွှာ အမှတ်(၇၂)နှင့် (၇၅)တို့ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုဂ္ဂိုလ်စွဲ၊ ဂဏစွဲ ကင်းစွာဖြင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်သိပ်သည်းခိုင်မာပြီး သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများကို ကျွမ်းကျင်နိုင်နင်းပါမှ လုပ်ငန်းဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အဓိကရည်ရွယ်ချက်ကို ထိခိုက်စေမည့် ကိစ္စရပ်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိကြသော ဆရာတော်များအချင်းချင်း မျှတညီညွတ်စွာ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ကြလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ မူလရည်မှန်းချက်ဖြစ်သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများ အစဉ်သဖြင့် အောင်မြင်ပြီးမြောက်လျက် ဆတက်ထမ်းပိုး တိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက်တင်သွင်း လျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားကြရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအတွက် အရုဏ်ဆွမ်းကို အလှူရှင် ဖခင် ဦးမောင်မောင်-မိခင် ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ သမီး ဒေါ်ပြုံးဝေသီ မိသားစုတို့က လည်းကောင်း၊ နေ့ဆွမ်းကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်၊ သောကြာနေ့)

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်ကိစ္စအဝဝတို့ကို လုံ့လကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကားလျှောက်ထားပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလို လေးလလျှင်တစ်ကြိမ်ကျ မျက်နှာစုံညီတွေ့ရ၍ သာသာနာရေးကိစ္စအဝဝတို့ကို ဩဝါဒမိန့်ကြားခွင့်ရသည့်အတွက် နှစ်သက်အားရဝမ်းမြောက်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့ ယခုလို လေးလတစ်ကြိမ် (၄၇)ပါးစုံညီစည်းဝေးကြ၍ လည်းကောင်း၊ တာဝန်ကျအဖွဲ့ခွဲဝင်ဆရာတော်များ တစ်ပတ်တစ်ကြိမ် စည်းပေးကြ၍ လည်းကောင်း သာသနာရေးကိစ္စများကို အညီအညွတ်တိုင်ပင်ဆောင်ရွက်နေခြင်းသည်-

"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံသန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ။

ဟူသော ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်လာ ဘိက္ခုအပရိဟာနိယ ဒေသနာတော်နှင့် လွန်စွာညီညွတ်လှပါသည်ဘုရား။

ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်နယ်အရပ်ရပ်က သာသာနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ ယင်းသို့ သတင်းမှန်မကြားရသည့်အတွက် မည်သည့်ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝအမှုများ ကျူးလွန်နေကြသည်ကို မကြားမသိနိုင်ကြောင်း၊ အလဇ္ဇီရဟန်းများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟုသိကြ၍ အုပ်စုဖွဲ့ကာသာသနာတော်ကို ဆုတ်ယုတ်စေနိုင်မည့်အမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် အလဇ္ဇီရဟန်းများသည် အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိကြ၍ ထွက်ပြေးတိမ်းရှောင်ကြကြောင်း စသည်ဖြင့် ရဟန်းတော်တို့ မပြတ်မလပ်မစည်းဝေးခြင်းကြောင့် သာသနာတော်ကို ဆုတ်ယုတ်စေနိုင်မည့်အမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် အလဇ္ဇီရဟန်းများသည် အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိကြ၍ ထွက်ပြေးတိမ်းရှောင်ကြကြောင်း စသည်ဖြင့် ရဟန်းတော်တို့ မပြတ်မလပ် မစည်းဝေးခြင်းကြောင့် သာသနာတော် ဆုတ်ယုတ်ပုံနှင့် ရဟန်းတော်တို့ မပြတ်မလပ်စည်းဝေးခြင်းကြောင့် သာသနာတော် တိုးတက်ပုံတို့ကို အကျယ်တဝင့်ရှင်းလင်းဖွင့်ပြထားပါသည်ဘုရား။

သို့ဖြစ်၍ ဆရာတော်ဘုရားတို့ အစည်းအဝေးပွဲများသို့ မပျက်မကွက် တက်ရောက်တော်မူကြ၍ အညီအညွတ် ညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်းဖြစ်သော ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တောင်းပန်တိုက်တွန်းပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော် အထူးလျှောက်ထားလိုသည်မှာ သာသနာ့ဝန်ထမ်းရှင်ငယ်ရဟန်းငယ်များ ကာယိန္ဒြေယဉ်ကျေးသိမ်မွေ့ကြစေရန် ကာယိန္ဒြေစောင့်ထိန်းမှုပြုကြရေးအတွက် ဆရာသမားများက သဘောပေါက်နားလည်အောင် သွန်သင်ဆုံးမထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန် အထူးကြပ်မတ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

ထို့အပြင် ထေရဝါဒဗုဒ္ဓဘာသာသီလရှင်များအတွက် ထုတ်ပြန်ထားပြီးဖြစ်သော စည်းမျဉ်း၊ လုပ်ထုံးများကို ပြီးစီးခဲ့သော (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးက ပထမအဖွဲ့ခွဲ၏ ပြင်ဆင်ဖြည့်စွက်ချက်များကို တာဝန်ကျဒုတိယအဖွဲ့ခွဲအား ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့၍ ဆောင်ရွက်ပြီးစီးမှုကို ဤအစည်းအဝေးသို့တင်ပြမည်ဟု သိရှိရပါသည်ဘုရား။ ဆရာတော်များအနေဖြင့် သီလရှင်အဖွဲ့အစည်းသည် သာသနာတော်အား တစ်ထောင့်တစ်နေရာမှ တိုးတက်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နေသော အဖွဲ့အစည်းအဖြစ် ရှုမြင်တော်မူကြ၍ အဆိုပါစည်းမျဉ်း၊ လုပ်ထုံးများ၊ ဓမ္မဝိနယ၊ ဥပဒေများနှင့်အညီဖြစ်စေရေး သေချာစွာ စိစစ်တည်းဖြတ်ပေးတော်မူကြပါရန် လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

၁၃၅၉ ခုနှစ်နောက်ပိုင်းတွင် မကျင်းပဖြစ်ခဲ့ဘဲ ယခုနှစ်မှပြန်လည်ကျင်းပသော အခြေပြုမူလတန်းစာမေးပွဲနှင့်ပတ်သက်၍ နှစ် ၂၀ နီးပါး မကျင်းပဘဲ ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်၍ ဆရာတော်တို့ အခြေခံဒေသအသီးသီးရှိ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များ၊ ပညာရေးဗဟိုအဖွဲ့ခွဲများ၊ စာမေးပွဲကျင်းပရေးအဖွဲ့များနှင့် ဖြေဆိုခွင့်တောင်းခံထားသော စာသင်တိုက်များမှ နာယကဆရာတော်များနှင့်ညှိနှိုင်း၍ စာမေးပွဲစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်းကိစ္စရပ်များ၌ ကြပ်မတ်ဆောင်ရွက်ပေးစေလိုပါသည်ဘုရား။ ပရိယတ္တိဟု ဆိုအပ်သော ဗုဒ္ဓ၏တရားတော်များ လေ့လာသင်ကြားခြင်းသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောအကျိုးတရားဖြစ်စေကြောင်း စာဖြေပွဲဝင် ရှင်ရဟန်းငယ်များနှင့် ဥပါသကာ၊ ဥပါသိကာတို့ သိရှိစေရေးလည်း နှိုးဆော်တိုက်တွန်းသင့်ပါသည်ဘုရား။

ဘုရားတပည့်တော်အနေဖြင့် နိဂုံးချုပ်လျှောက်ထားလိုသည်မှာ ပထမအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက ချမှတ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို မလပ်သောသတိ၊ မယိမ်းယိုင်သော ဦးတည်ချက်အဖြစ် ထားရှိဆောင်ရွက်တော်မူကြပါရန် သတိပေးလျှောက်ထားရင်း ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်ပါသည်ဘုရား။

# ဆရာမင်းသုဝဏ်၏ ကဗျာအဖွင့်လက်ရာများ

မြင့်ဆွေဦး

အမျိုးသားစာဆိုတော် ဆရာကြီးမင်းသုဝဏ်သည် ကဗျာလင်္ကာပေါင်း မြောက်မြားစွာရေးဖွဲ့သွားခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏ ကဗျာများတွင် ကလေးကဗျာများလည်း ပါဝင်သည်။ ငှက်ကဗျာများလည်း ပါဝင်သည်။ ဆရာကြီးမင်းသုဝဏ်၏ (ကဗျာစာဆိုကြီး၏ ကဗျာအဖွင့်လက်ရာများ)မှာ ရှေးခေတ်ကဗျာများမှစ၍ ဆရာကြီး ရေးဖွဲ့သောကဗျာများကို ရှင်းလင်းဖွင့်ဆိုထားသော ဆောင်းပါးများဖြစ်သည်။ ကဗျာသဘော၊ ကဗျာစနစ်၊ ကဗျာထဲက နှစ်သက်ဖွယ်၊ ဆင်ခြင်ဖွယ်၊ မှတ်သားဖွယ် စသည်ဖြင့် စုံလင်လေသည်။

ဆရာကြီးမင်းသုဝဏ်သည် မြန်မာစာပေ၊ မြန်မာကဗျာ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ခဲ့သည်သာမက ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် ခေတ်ကာလ အခြေအနေများအပေါ်တွင် ကွယ်လွန်သွားသည်အထိ အမှန်တရားဘက်မှ ရဲဝံ့စွာ ရပ်တည်ခဲ့သူလည်းဖြစ်သည်။ ယင်းအချက်ကြောင့် အမျိုးသားစာဆိုဟူသော ဂုဏ်ပုဒ်နှင့်လည်း ထိုက်တန်သူလည်းဖြစ်သည်။

ဤစာအုပ်တွင် ရှေးခေတ်ကဗျာလင်္ကာများနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖော်ခြင်း၊ လေ့လာရေးဖွဲ့ခြင်းတို့ ပါလေသည်။ ဆရာကြီးကိုယ်တိုင် ရေးဖွဲ့ခဲ့သော ကဗျာများအကြောင်းကို ရှင်းလင်းတင်ပြထားသည်။ အချို့ကဗျာများအကြောင်းကိုပြောရာ၌ သမိုင်းရာဇဝင်ကိုပါ ချန်မထားခဲ့။ သင့်ရာသင့်ရာကို ဖော်ပြခဲ့သည်။


ဆရာမင်းသုဝဏ်သည် ဓမ္မပဒကိုလည်း ကဗျာလင်္ကာနှင့် ပြန်ဆိုခဲ့သည်။ ထို့အတူ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများကို ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်ဟူ၍ ကဗျာလင်္ကာနှင့် ရေးဖွဲ့ခဲ့သည်။ ငယ်စဉ်ကပင် ကလေးကဗျာများ၊ ပုံပြင်များ ရေးသားကာ ကလေးစာပေဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သော ဆရာကြီးသည် စာပေသက်တမ်းတစ်လျှောက်တွင် 'ပုံပြင်'နှင့် 'ကဗျာ' ဟူသော ငယ်ချစ်စာပေနှစ်မျိုးကို အမြတ်တနိုးလက်ကိုင်ပြုသွားသည်မှာ နောက်ဆုံးအချိန်အထိပင်ဖြစ်သည်။

'ကဗျာစာဆိုကြီး၏ ကဗျာအဖွင့်လက်ရာများ'တွင် ဖော်ပြထားသော ဆောင်းပါးများမှာ ၂၄ ပုဒ်ပါရှိသည်။ ဆောင်းပါးများအားလုံးမှာ ကဗျာလင်္ကာကို ဖွင့်ဆိုရေးသားထားလေသည်။ ပထမဆုံးဆောင်းပါးဖြစ်သည့် 'ကဗျာအသုံးဝင်ပုံ'နှင့် 'ကဗျာအဖွင့်ဆောင်းပါးများ'တွင် လောကကို စူးစမ်းလေ့လာရာ၌ အသုံးပြုသည့်နည်းများကို တင်ပြထားသည်။ ဆရာမင်းသုဝဏ်က အောက်ပါအတိုင်းရေးခဲ့လေသည်။

လောကကို သဘောပေါက်နားလည်ရန် နည်းနှစ်နည်းရှိသည်။ တစ်နည်းမှာ ဉာဏ်ဖြင့် သဘောပေါက်နားလည်ခြင်းဖြစ်၍ အခြားတစ်နည်းမှာ စိတ်ဖြင့် ခံစားကာ သဘောပေါက်နားလည်ခြင်းဖြစ်သည်။ သိပ္ပံပညာသည် လောကအကြောင်းကို များစွာဟောပြောထားပြီးဖြစ်သည်။ သိပ္ပံသည် ဉာဏ်ဖြင့် လေ့လာသဘောပေါက်နားလည်ရေး၏ အဓိကနည်းဖြစ်သည်။ သို့သော်လည်း ဤနည်းသည် တစ်ခုတည်းသောနည်းကားမဟုတ်။ အကောင်းဆုံးသော နည်းလည်းဟုတ်ပုံမရ။ ကျွန်ုပ်တို့တွေ့နေကျ၊ ကြားနေကျဖြစ်သော ဥချိုးငှက်အကြောင်းကို စဉ်းစားကြမည်။ ဥချိုးငှက်ကို အောက်ပါအတိုင်း နှစ်မျိုးနှစ်စား သရုပ်ဖော်ထားချက်ရှိသည်-

(၁) ချိုးလည်ပြောက်ကို လူသိများလေသည်။ အလျား ၁၁ လက်မရှိသည်။ ချိုးပိန်တူးနှင့် မှားယွင်းတတ်သော်လည်း ချိုးပိန်တူးလောက်မကြီးပေ။ မြေပေါ်တွင်ကျက်စား၍ လူအကပ်ခံ၏။ ကူသံမှာ ပျော့ပျောင်း၍ တကူကူကူးဟု သံုးဆင့်ထွက်လေသည်။ မြန်မာပြည်တွင် မြင်ရဖန်များသော ငှက်မျိုးဖြစ်သည်။ ရေငတ်မခံနိုင်၍ ရေရှိသည့်နေရာတိုင်း၌ တွေ့ရသည်။ လယ်ကွက်များတွင် အများဆုံးကျက်စားလေ့ရှိသည်။ ချိုးလည်ပြောက်သည် စုရုံးနေလေ့မရှိသော်လည်း စပါးရိတ်ပြီးချိန်တွင် အမြောက်အမြားလာရောက်တတ်ကြသည်။ လမ်းပေါ်တွင်လျှောက်၍ အစာရှာတတ်ကြသည်။ သွားရောက်နှောင့်ယှက်လျှင် ပျံပြေးတတ်သော်လည်း ဝေးလံစွာပျံလေ့မရှိချေ။ ချိုးလည်ပြောက်မောင်နှံသည် ရာသက်ပန်ပေါင်းလေ့ရှိ၏။ စားရာတွင်လည်းကောင်း၊ ပျံရာတွင်လည်းကောင်း မခွဲခွာကြချေ။

(၂) နေဝင်စ
ချိုးမရယ်ကူ
တောသူမလေး အဝေး။
စာကိုသာ စာကိုင်တတ်၍
ကူရှာလေသလော၊ ကူသလော။
ရေကိုသာ ရေကိုင်တတ်၍
ကူရှာသလော၊ ကူသလော။
နွားကျောင်းသားငယ်
ညွှတ်ကွင်းရယ်တယ်
ဘယ်ဘယ်ကိုမိ၊ လည်ကိုမိလို့၊
ဘယ်ဘယ်ကိုနှက်
လည်ပင်းအထက်၊ ခေါင်းကိုနှက်လို့။
ဘယ်ဘယ်ကိုခွဲ၊ ရင်ကိုခွဲလို့
ရှားမီးခဲတွင်၊ ရဲရဲငယ်ကင်
အကျွန်ုမ မမြင်ဝံ့ပါတကား။
ရွှေချိုးဖိုငယ်မယ့်လင်သား။




၁ သည် ငှက်သဘင်စာအုပ်မှ ချိုးလည်ပြောက်အကြောင်း သိပ္ပံနည်းအရ ပြောပြထားချက်ဖြစ်သည်။ ၂ သည် ရှေးအခါက မင်းသမီး လင်ပျောက်ရှာခန်းတွင် ဆိုလေ့ရှိသော ချိုးငှက်ဖွဲ့သီချင်းဖြစ်သည်။ ဤစာနှစ်ပိုဒ်တွင် မည်သည့်စာကို ဖတ်ရ၍ အားရနှစ်သက်မှုဖြစ်ပါသလဲ။ ကဗျာဆန်သော ဒုတိယစာကိုဖတ်ရ၍ အားရနှစ်သက်မှုဖြစ်ပါသည်ဟု ပြောသူများလိမ့်မည်ဟု ထင်ပါသည်။ တကယ်တော့ ဤစာနှစ်ပိုဒ်ကို နှိုင်းယှဉ်ဖော်ပြရသည်မှာ တရားလှသည်မဟုတ်ပါ။ သူတို့နှစ်ဦးသည် ဆုလာဘ်ကို ရည်မြော်ကာ ယှဉ်ပြိုင်နေကြသော ပြိုင်ဘက်များမဟုတ်ပါ။ သိပ္ပံပညာသည် သုတေသနပြု၍ရရှိသော အချက်အလက်များကို တင်ပြမှုနှင့် သက်ဆိုင်သည်။ ကဗျာသည်မူကား ထိုအချက်အလက်တို့၏အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ဖွဲ့ဆိုမှုနှင့်သက်ဆိုင်သည်။ ဤပညာနှစ်ရပ်မှာ ကိုယ့်ကျေးဇူးနှင့်ကိုယ်၊ ကိုယ့်တာဝန်နှင့်ကိုယ်ရှိကြသည်ချည်းဖြစ်သည်။ သို့ပါသော်လည်း သူတို့နှစ်ဦး၏ မတူညီချက်တို့ကို ယှဉ်တွက်ပြခြင်းဖြင့် သိပ္ပံနှင့် ကဗျာတို့၏ နည်းစနစ်ကွာခြားပုံတို့ကို မြင်နိုင်ပါသည်။ အဖွဲ့ ၁ သည် ချိုးလည်ပြောက်၏ အနေအထိုင်၊ အမူအရာ၊ အမျိုးအစားများကို အခြားငှက်များမှ ခွဲခြား၍ ဝေဖန်ဖော်ပြသောအဖွဲ့ဖြစ်သည်။ ခံစားမှုမပါဘဲ ရိုးရိုးစင်းစင်း မှတ်တမ်းတင်သော အရေးအသားဖြစ်သည်။ အဖွဲ့ ၂ မှာကား ဤသို့မဟုတ်။ နေဝင်ချိန် ခွဲခွဲပျစ်ပျစ် ချိုးကူပုံ၊ နွားကျောင်းသားက ချိုးဖိုကို မီးကင်စားပုံ၊ ချိုးဖိုနှင့် ချိုးမတို့ သေကွဲကွဲရပုံတို့ကို တစ်ခုနှင့်တစ်ခု ပေါင်းစည်းဆက်စပ်ပေးကာ ခံစားမှုနှင့် အပြည့်အဝနှင့် ကုံးသီထားသောအဖွဲ့ဖြစ်သည်။

ဆရာကြီး မင်းသုဝဏ်က သုတနှင့်ရသကို ခွဲခြားတင်ပြသွားခြင်းဖြစ်သည်။ အဖွဲ့ ၁ က သုတစာပေဖြစ်သည်။ အဖွဲ့ ၂ က ရသစာပေဖြစ်သည်။

ပါဠိဘာသာဖြင့် မဲဇာတောင်ခြေမှာ ပြစ်ဒဏ်ခံရသည့်အကြောင်းကို လက်ဝဲသုန္ဒရအမတ်ကြီးက ရေးသားခဲ့ဖူးသည်။ ထိုအကြောင်းကို ပါဠိဂါထာနှစ်ပုဒ်နှင့် ရေးခဲ့ခြင်းဖြစ်သည်။ ထိုပါဠိဂါထာနှစ်ပုဒ်ကို ဆရာကြီးမင်းသုဝဏ်က ၁၉၃၁ခုနှစ်တုန်းက ရေးကူးမှတ်သားခဲ့သည်။ ထိုပါဠိဂါထာနှစ်ပုဒ်ကို ဆရာကြီးမင်းသုဝဏ်က 'ပါဠိမဲဇာတောင်ခြေ' ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ ထိုဆောင်းပါးတွင် ဆရာကြီးမင်းသုဝဏ်က ဖော်ပြခဲ့ပြီး မြန်မာဘာသာပြန်ဆိုခဲ့လေသည်။ ထိုဂါထာနှစ်ပုဒ်ကို ဆရာမင်းသုဝဏ်က မြန်မာပြန်ဆို၍တင်ပြခဲ့သည်။

အဆွေကင်း၍၊ အပျင်းစိတ်ဝင်
ခေါ်ချင်ပါလည်း၊ မမြင်ဘယ်မိတ်
တောမြိုင်ရိပ်မို့၊ ဆိတ်လည်းဆိတ်ငြိမ်ပေထသော။
သားစိမ်းကိုမျို၊ သွေးချိုကိုသောက်
အူကိုဖောက်သား၊ အလျောက်ပင်လျှင်
ကျားဆင်ခိုမှီး၊ မဲဇာဆိုတဲ့တောအုပ်ကြီး၌
ဘဝသခင်၊ ဘုရင်နေနတ်
လောင်းတော်မြတ်၏၊ မိန့်မှတ်ကြေညာ
ရွှေဗျာစက်သွား၊ ဒဏ်တော်များဖြင့်
စေခိုင်းနှင်ထုတ်တော်မူလိုက်လေသောကြောင့်။

ဤပါဠိဂါထာများကို လက်ဝဲသုန္ဒရအမတ်ကြီးသည် မဲဇာတော၌ တစ်ကိုယ်တည်းနေရစဉ် စီကုံးဖွဲ့ဆိုခြင်းဖြစ်သည်။ ဤပါဠိဂါထာနှစ်ပုဒ်သည် လက်ဝဲသုန္ဒရအမတ်ကြီး၏ အတ္ထုပ္ပတ္တိတွင် ထည့်သွင်းစဉ်းစားသင့်လျှင် ထည့်သွင်းစဉ်းစားရအောင် တင်ပြခြင်းဖြစ်သည်ဟု ဆရာမင်းသုဝဏ်က ဆိုထားလေသည်။

"သပြေညိုကဗျာ၏ အံ့သြဖွယ်ရာတိုက်ဆိုင်မှုများ"တွင် သပြေညိုကဗျာကို မည်သို့ရေးခဲ့ပုံ၊ မည်သည့်အကြောင်းကြောင့်ရေးခဲ့ပုံနှင့် အံ့သြဖွယ်ရာတိုက်ဆိုင်မှုများကိုတင်ပြခဲ့လေသည်။

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
တို့ပြေမှာ တို့မေကမ်းပါတဲ့
သပြေညိုရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေဗဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

၁၉၃၇၊ ၁၉၃၈ ဒီဇင်ဘာ၊ ဇန်နဝါရီနှစ်လအစပ် နှစ်အကူး ဆောင်းရာသီတွင် ကျွန်ုပ်သည် ဂရိတ်ဗြိတိန်နိုင်ငံမြောက်ပိုင်း ဝေလနယ်က မြို့နယ်တစ်မြို့ရှိ အိပ်ခန်းပါသော စာကြည့်တိုက်တစ်ခုတွင် ကိုဘကျော်၊ ကိုအုန်းမောင်တို့နှစ်ယောက်နှင့်အတူ ဆောင်းခိုနေကြပါသည်။ ထိုအခိုက်တွင် အမိနိုင်ငံ မြန်မာပြည်၌ လွတ်လပ်ရေးတိုက်ပွဲဆင်နေသည့် အာဇာနည်တို့ အတိဒုက္ခရောက်ရသည့် သတင်းဆိုးများကို ကြားနေရ၍ စိတ်ဆင်းရဲနေပါသည်။

ထိုအခိုက်တွင်ပင် စာကြည့်တိုက်ရှိ Punch မဂ္ဂဇင်းအဟောင်း ၁၈၈၅ ခုနှစ်တစ်ဝိုက် စာစောင်များကိုရွေး၍ဖတ်ရာ အင်္ဂလိပ်ပုဂ္ဂိုလ်တစ်ဦးက မြန်မာပြည်သို့ရောက်ရာတွင် ကိုလိုနီဘဝ၌ မြန်မာများ ဆင်းရဲနေကြောင်း၊ သူ့မင်းသူ့ချင်းဘဝနှင့် နေရသည်ကပင် ကောင်းလိမ့်မည်ထင်ကြောင်း ရေးသားတင်ပြထားသည်ကိုဖတ်ရ၍ အထူးစိတ်ဆင်းရဲရပါသည်။ ထိုစိတ်မငြိမ်သော အတောအတွင်းတွင် သပြေညိုကဗျာကို နှင်းဖွေးဖွေးကျနေခိုက် ရေးဖြစ်ပါသည်။

ဆရာမင်းသုဝဏ်သည် အောင်ပါစေ သပြေညိုဆိုသည့်ပန်းရယ်နှင့် ရေချမ်းကိုလောင်းဟု စစ်ပွဲသဘင်တွင် စစ်သည်တော်တို့အား နှုတ်ဆက်ဆုတောင်းပုံကို သတိရပြီး ၁၉၃၀ ပြည့်နှစ် မြန်မာ့အာဇာနည်များကို လှမ်းမျှော်ကာ သူ့ခေါင်းမှာတဲ့ သပြေညို၊ ငါ့ခေါင်းမှာတဲ့ သပြေညိုဟုဆိုလျက် နှုတ်ဆက်ဆုတောင်းပြီး (သပြေညို) ကဗျာကို ရေးဖွဲ့လိုက်ခြင်းဖြစ်သည်။

ထိုသပြေညိုကဗျာနှင့်ပတ်သက်ပြီး ဆရာမင်းသုဝဏ်က အံ့သြဖွယ်ရာအကြောင်းကို ရေးသားခဲ့လေသည်။

'ဤတွင် အံ့သြဖွယ်ရာဖြစ်ရပ်မှာကား ကဗျာထဲတွင် လင်းကြက်အဆော်၊ ကွင်းထက်မှာ တူပျော်ပျော်နဲ့၊ စည်တော်ကို ရည်မျှော်မှန်းပါလို့၊ ရောင်နီမှာ အောင်စည်ရွှမ်းရအောင်၊ သပြေညို ရွှေဘိုပန်းရယ်နှင့် လှမ်းကြစို့လေး' ဆိုသော အချစကားများဖြစ်ပါသည်။ ကဗျာထဲတွင်ပါသည့်အတိုင်း ကျွန်ုပ်တို့လွတ်လပ်ရေးရသည်မှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ အရုဏ်တက်အချိန် လင်းကြက်အဆော်ဖြစ်ပါသည်။ သပြေညိုကဗျာကိုရေးသည်မှာလည်း ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဖြစ်ပါသည်။ ဆယ်နှစ်တိတိအချိန်တွင် လွတ်လပ်ရေးရခြင်းဖြစ်ပါသည်။ အဆိုပါတိုက်ဆိုင်မှုတို့သည် အလိုလိုဖြစ်လာသလား။ ဘုန်းရှင်ကံရှင် သူတော်စင်တစ်ဦးဦးက လမ်းညွှန်၍ဖြစ်ပေါ်လာသလား မပြောတတ်၊ မဆိုတတ်၊ မစဉ်းစားတတ်ရှိပါတော့သည်။

"ကဗျာစာဆိုကြီး၏ ကဗျာအဖွင့်လက်ရာများ"မှာ ဆရာမင်းသုဝဏ်၏ ရှေးခေတ်ကဗျာ၊ ခေတ်ပေါ်ကဗျာများနှင့် ဆရာကြီး၏ ကိုယ်တိုင်ဖွဲ့ဆိုခဲ့သည် ကဗျာများကို ဖွင့်ဆိုရေးသားထားခြင်းဖြစ်သည်။

**ဆရာမင်းသုဝဏ်သည် ဓမ္မပဒကိုလည်း ကဗျာလင်္ကာနှင့် ပြန်ဆိုခဲ့သည်။ ထို့အတူ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများကို ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်ဟူ၍ ကဗျာလင်္ကာနှင့်ရေးဖွဲ့ခဲ့သည်။ ငယ်စဉ်ကပင် ကလေးကဗျာများ၊ ပုံပြင်များ ရေးသားကာ ကလေးစာပေဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သော ဆရာကြီးသည် စာပေသက်တမ်းတစ်လျှောက်တွင် "ပုံပြင်"နှင့် "ကဗျာ" ဟူသော ငယ်ချစ်စာပေနှစ်မျိုးကို အမြတ်တနိုးလက်ကိုင်ပြုသွားသည်မှာ နောက်ဆုံးအချိန်အထိပင်ဖြစ်သည်။**

# ကလေးစာပေပွဲတော် (မော်လမြိုင်) ကျင်းပနိုင်ရေးညှိနှိုင်းဆွေးနွေး




**မော်လမြိုင် မတ် ၃**

ကလေးစာပေပွဲတော် (မော်လမြိုင်) ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်သည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဖြစ်သည့်အတွက် ကလေးများ စာပေကို ချစ်မြတ်နိုးတတ်လာစေရန်၊ စာပေကို ပိုမိုစိတ်ဝင်စားလာရန်၊ ကလေးဘဝမှစပြီး စာပေများကို ဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရေး၊ စာပေနှင့် ထိတွေ့မှုရှိစေရန် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ကလေးငယ်များ စာပေဗဟုသုတရရှိစေရန်၊ ဉာဏ်ရည်ထက်မြက်စေရန် ကလေးစာပေပွဲတော်ကျင်းပခြင်းဖြစ်သည့်အတွက် မိမိတို့ပြည်နယ်အစိုးရအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော် (မော်လမြိုင်) ကျင်းပနိုင်ရန် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမအတွင်း နေရာချထားမှုပုံစံများကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာဌာနများမှ လိုအပ်ချက်၊ အကြံပြုချက်နှင့် ပူးပေါင်းပါဝင်မှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာအုပ်များ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအနေဖြင့် ဌာန၏ လုပ်ဆောင်ချက်များကို ပြည်သူများပိုမိုသိရှိလာစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နံနက် ၁၁ နာရီတွင် မော်လမြိုင် ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုကာ ဇုန်နယ်မှူးနှင့် မော်လမြိုင် ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများ၊ မော်လမြိုင်သတင်းဌာနခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ အရည်အသွေး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ကြရန် မှာကြားကာ လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်းသည်။

မွန်းတည့် ၁၂ နာရီတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)သို့ ရောက်ရှိပြီး ပုံနှိပ်စက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ အစည်းအဝေးခန်းမ၌ ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ သတင်းစာတိုက် မန်နေဂျာ ဦးဇော်ဇင်ဆန်းက ကိုယ်ပွားသတင်းစာတိုက်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းမှာကြားဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမသို့ ရောက်ရှိကာ ကလေးစာပေပွဲတော်ကျင်းပမည့် နေရာများကို ကြည့်ရှုပြီး ကလေးစာပေပွဲတော်(မော်လမြိုင်)ဖြစ်မြောက်ရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ဘက်လိုက်ခွဲခြားမှုမရှိဘဲ မျှတစွာဖြင့် လူသားအားလုံး၏အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရန်နှင့် နိုင်ငံအားလုံး၏အကျိုးအတွက်ဖြစ်ရန် လိုအပ်

**နေပြည်တော် မတ် ၃**



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ(၃၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး High-Level Segment သို့ တက်ရောက်ပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မိန့်ခွန်းပြောကြားခဲ့သည်။

ထိုသို့မိန့်ခွန်းပြောကြားရာတွင် ဒုတိယဝန်ကြီးက လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ဘက်လိုက်ခွဲခြားမှုမရှိဘဲ မျှတစွာဖြင့် လူသားအားလုံး၏ အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရန်နှင့် နိုင်ငံအားလုံး၏ အကျိုးအတွက်ဖြစ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့မဟုတ်ပါက လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းများအပေါ်ထားသည့် ယုံကြည်မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုပြုသည့် ချဉ်းကပ်မှုပုံစံအသစ်ဖြင့် ဆောင်ရွက်နေမှု၊ အစိုးရသစ်၏ ဦးစားပေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်ကိစ္စတို့နှင့် ပတ်သက်၍ ပြည်တွင်းယန္တရားများ ထားရှိဆောင်ရွက်မှု အပါအဝင် အလေးထားကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှု အရှိန်အဟုန် ရရှိလာချိန်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ရဲစခန်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များမှ အပြစ်ကျူးလွန်သူများကို ဖမ်းဆီးရေးနှင့် ၎င်းတို့ယူဆောင်သွားသည့် လက်နက်များ ပြန်လည်ရရှိရေးအတွက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်မှုပြုရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်ဟူသော စွပ်စွဲချက်များကို အစိုးရအနေဖြင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အလေးထား စုံစမ်းစစ်ဆေးမှုများပြုလုပ်နေမှုကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ်ကိစ္စကိုဖြေရှင်းရာတွင် လူ့အခွင့်အရေးကောင်စီ၏ ဆောင်ရွက်ချက်များသည် ပြဿနာ၏ အစိတ်အပိုင်းမဖြစ်စေဘဲ ပြဿနာဖြေရှင်းရေးကို အထောက်အကူပြုစေရေးအတွက် ဖြစ်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြဿနာဖြေရှင်းရေးကို အာရုံစိုက်ထားကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် လူ့အသိုက်အဝန်းများကို ပိုမိုကွဲပြားသွားစေရန် ဆောင်ရွက်ခြင်းမျိုး မဖြစ်စေဘဲ ပိုမိုနီးကပ်လာရေးအတွက် ကြိုးပမ်းမှုတွင် ကူညီပံ့ပိုးရေးကို အာရုံစိုက်ရန်လိုအပ်ကြောင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပြစ်တင်ဝေဖန်ရှုတ်ချခြင်း၊ အရေးယူအပြစ်ပေးခြင်းတို့အပေါ် အာရုံစိုက်နေခြင်းထက် ပြဿနာအားဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးပေးရေးအတွက် အပြုသဘောဖြင့် ချဉ်းကပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် အစည်းအဝေးတက်ရောက်စဉ်ကာလအတွင်း ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Parliamentary Under-Secretary of State ဖြစ်သူ Mr. Alok Sharma၊ အီးယူ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis၊ အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Scott Busby နှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Marit Berger Rosland တို့အား ဂျနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ သီးခြားစီ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြဿနာဖြေရှင်းရေး၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး၊ လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံကိစ္စနှင့်စပ်လျဉ်း၍ စဉ်းစားဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုပေးရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်က ဒုတိယဝန်ကြီးသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ အင်ဒိုနီးရှား အမြဲတမ်းကိုယ်စားလှယ်က ဂျနီဗာမြို့၌ တည်ခင်းသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရမှ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အလေးထားဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ် ပြဿနာဖြေရှင်းရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၁ ရက် ညနေပိုင်းတွင် Kempinski ဟိုတယ်၌ မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးထင်လင်းက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



## မန်နေဂျာများ အကြီးတန်းစီမံခန့်ခွဲမှုသင်တန်းဖွင့်

**ရန်ကုန် မတ် ၃**

ကမ္ဘာ့ရတနာဘဏ်လီမိတက်၏ မန်နေဂျာများ အကြီးတန်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၁၇)အား ကမ္ဘာ့ရတနာဘဏ်ရုံးချုပ် သင်တန်းခန်းမ၌ မတ် ၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ကမ္ဘာ့ရတနာဘဏ်ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ ဘဏ်ခွဲအသီးသီးမှ မန်နေဂျာအဆင့် သင်တန်းသား ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

**အေးသန်း(စိန်တုံးကြီး)**

❑

ကြေးမုံ

မတ် ၄၊ ၂၀၁၇

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီအဖွဲ့ဝင် အဖွဲ့အစည်းများအဆိုပြုထားသည့် အဆိုပြုချက် (၉)ချက် သဘောတူညီချက်ရရှိ

**ရန်ကုန် မတ် ၃**

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတည်ထောင်ရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ဆုံးဖြတ်အတည်ပြုရာတွင် ပါဝင်နိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုထားခြင်းမရှိသေးသော ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများအဆိုပြုထားသည့် အဆိုပြုချက် (၉)ချက်အား အစိုးရကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး မူအားဖြင့် သဘောတူညီခဲ့ကြောင်းသိရသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)တို့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင် ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "အခုက စတုတ္ထအကြိမ်အစည်းအဝေးလို့ ပြောပေမယ့် ကျွန်တော်တို့ တွေ့တာခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက်ရှိပါပြီ။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း မနေ့က DPN က ခေါင်းဆောင်တွေလုပ်တဲ့ Press ကို လာကြည့်တယ်။ တိုးတက်မှုအတွက် ဝမ်းသာကြပါတယ်။ လူမှုအဖွဲ့အစည်းတွေဘက်ကလည်း ဝမ်းသာနေကြပါတယ်။ ဒီဖြစ်စဉ်လေးကို ကျွန်တော်တို့ တိုးတက်သည်ထက်တိုးတက်အောင် နောက်ဆုံးပန်းတိုင်အထိရောက်အောင်သွားကြဖို့ ဆုံးဖြတ်ထားပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာလည်း ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ငြိမ်းချမ်းရေးအတွက် နှစ်ဖက်အကျိုးရှိနိုင်တဲ့ကိစ္စတွေကိုလည်း ဖြေရှင်းနိုင်ပါစေ" ဟု နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က "ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးခရီးစဉ်အတွက် ကြိုးပမ်းနေတာအစအဆုံးပြောမယ်ဆိုရင် ခြောက်နှစ်ဝန်းကျင်ရှိပါပြီ။ ကျွန်တော်တို့တွေ စားပွဲဝိုင်းပေါ်မှာ ဘာတွေပြောကြသလဲ။ ဘာတွေလုပ်ကြသလဲဆိုပြီး ဘေးကကြည့်နေကြတဲ့ ပြည်သူတစ်ရပ်လုံးလည်း စိတ်ပင်ပန်းလောက်ပြီလို့ ကျွန်တော်နားလည်ပါတယ်။ တကယ့်လက်တွေ့အခြေအနေမှာ တကယ်ပဲ စိတ်ချမ်းသာလောက်တဲ့အခြေအနေကို မဖန်တီးပေးနိုင်တာ ကျွန်တော်တို့ရဲ့ အားနည်းချက်လို့ ကျွန်တော်ထင်ပါတယ်။ လက်တွေ့နဲ့အပြင်မှာ တကယ်ပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သူတို့ ဘဝအခြေအနေကို လုံလုံခြုံခြုံနဲ့ တည်ဆောက်နိုင်ဖို့အတွက် ဘေးကင်းလုံခြုံတဲ့ ပတ်ဝန်းကျင်အခြေအနေကို ဖော်ဆောင်ပေးနိုင်ဖို့ ကျွန်တော်တို့အားလုံးတာဝန်ရှိတယ်လို့ နားလည်ပါတယ်။

ကျွန်တော်တို့ ကြားထဲမှာရှိနေဆဲ အဖုအထစ်လေးတွေကို နှစ်ဦးနှစ်ဖက် အပြန်အလှန်အလျှော့အတင်းသဘောမျိုးနဲ့ ညှိနှိုင်းဆောင်ရွက်ရင်တော့ အဖြေဆိုတာရှိစမြဲပဲဆိုတာ ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ သဘောထားကြီးဖို့ လိုပါတယ်။ စိတ်ရှည်ဖို့လိုပါတယ်။ စိတ်ရင်းစေတနာမှန်ကန်ဖို့လိုပါတယ်။ ဒီနေရာမှာ ယုံကြည်မှုက အရေးကြီးပါတယ်။ ယုံကြည်မှုရပြီးမှ တစ်ခါတစ်ရံ အခန့်မသင့်တဲ့အကြောင်းတစ်ခုခုကြောင့် ယုံကြည်မှုပျက်ပြားစေတဲ့ အရာတွေလည်း ကြုံခဲ့ရတာရှိပါတယ်။ ဒီနေ့ကတော့ နည်းလမ်းပေါင်းစုံကနေပြီး နှစ်ဦးနှစ်ဖက် ပွင့်ပွင့်လင်းလင်း အပြန်အလှန်ညှိနှိုင်းအဖြေရှာကြမယ်ဆိုရင် မကြာခင်မှာ ကျွန်တော်တို့မျှော်လင့်တဲ့ ရလဒ်ကောင်းတစ်ခု ရလာနိုင်မယ်" ဟု ပြောကြားသည်။



**ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့၏ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပစဉ်။**

ယင်းနောက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက်နှင့် အထွေထွေကိစ္စရပ်များအား ငြိမ်းချမ်းရေးကော်မရှင်နှင့် DPNတို့ ဆက်လက်ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက် (၉)ချက်ကို မူအားဖြင့် သဘောတူညီနိုင်ခဲ့ကာ အစိုးရကိုယ်စားလှယ်အဖြစ် ဦးဇော်ဌေးနှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး မီဒီယာများ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်အဖြစ် ဒေါက်တာတင်မျိုးဝင်း၊ ဦးသိန်းဇော်၊ ဦးခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးနိုင်ငံလင်း၊ ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဒေါက်တာမင်းဇော်ဦး၊ ဦးလှမောင်ရွှေတို့ တက်ရောက်ပြီး နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)မှ ခူဦးရယ်၊ ဒေါက်တာနိုင်ရွှေသိန်း၊ နိုင်အောင်မငေး၊ ဦးမင်းထွန်း၊ တာ့ညီလူတို့ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးကော်မရှင် (Peace Commission) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation) စတုတ္ထအကြိမ် အစည်းအဝေးအပြီးတွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ရန်ကုန်မြို့၌ ကျင်းပသည့် ငြိမ်းချမ်းရေးကော်မရှင်(PC)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက် (၉)ချက်အပေါ် ဆွေးနွေးခဲ့ကြကြောင်း။

ယင်းအဆိုပြုချက် (၉)ချက်အား ဆွေးနွေးရာတွင် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နှစ်ဖက်လက်ခံနိုင်သောအချက် (၉)ချက်ကို မူအားဖြင့် သဘောတူညီခဲ့ကြကြောင်း။

အဆိုပြုချက် အမှတ်(၃)အား နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင်လည်းကောင်း၊ အဆိုပြုချက် အမှတ်(၅)အား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအစည်းအဝေးတွင် လည်းကောင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သည့် အဖွဲ့အစည်းများ ပါဝင်နိုင်ရေး နှစ်ဖက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ရေးညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

■




# ၁၂ ကြိမ်မြောက် တရုတ်အမျိုးသား နိုင်ငံရေးအကြံပေးကွန်ဖရင့် စတင်ကျင်းပ

**ပေကျင်း မတ် ၃**

တရုတ်အမျိုးသား နိုင်ငံရေးအကြံပေးကွန်ဖရင့် (The Chinese People's Political Consulative Conference -CPPCC)၏ ၁၂ ကြိမ်မြောက် အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Great Hall of the People ခန်းမဆောင်၌ စတင်ကျင်းပသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် အပါအဝင် ပါတီထိပ်တန်းခေါင်းဆောင်များနှင့် ပြည်သူ့ကိုယ်စားလှယ် ၃၀၀၀ ကျော် တက်ရောက်ကြသည်။ ယနေ့အစည်းအဝေးကို မတ် ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်ကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံရေးအကြံပေးအဖွဲ့ဝင်များက ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို တင်သွင်းကြမည်ဖြစ်သည်။ အဆိုပါအစီအစဉ်၌ တရုတ်နိုင်ငံ၏ အာကာသနည်းပညာကဏ္ဍကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် အဓိကထားတင်ပြထားကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့ဝန်ဆောင်မှု၊ ပညာရေးနှင့် ယဉ်ကျေးမှု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊ ဘဏ္ဍာရေး၊ နည်းပညာ၊ ဆေးပညာနှင့် ကျန်းမာရေး၊ မူဝါဒနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဟောင်ကောင်၊ မကာအို စသည့် တရုတ်ပြည်ပဆိုင်ရာ ကိစ္စရပ်များကို အဓိကထား၍ ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်းလည်း သိရသည်။

တရုတ်အမျိုးသား နိုင်ငံရေးအကြံပေးကွန်ဖရင့် အစည်းအဝေး (CPPCC)ကို ၁၉၄၉ ခုနှစ်မှစတင်၍ ငါးနှစ်တစ်ကြိမ် ကျင်းပခဲ့ပြီး ယခုနှစ်သည် ၁၂ ကြိမ်မြောက် ဖြစ်သည်။ CPPCC ၏ ပထမအကြိမ်ညီလာခံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့တော်အဖြစ် ပေကျင်းမြို့အား သတ်မှတ်ခြင်း၊ နိုင်ငံတော်အလံ သတ်မှတ်ခြင်းနှင့် အမျိုးသားသီချင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သူရိန်ဦး(သတင်းစဉ်)**

# မြို့တော် ပြည်သူ့နီတိပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကကြီးမှူး၍ လူငယ်လူရွယ်များစည်းကမ်းဥပဒေကိုသိရှိလိုက်နာခြင်း၊ ရိုးသားရဲရင့်စွာပြုမူဆက်ဆံ ပြောဆိုတတ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်၍ လိမ္မာယဉ်ကျေးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း၊ အများအကျိုးဆောင်ရွက်လိုခြင်း စသည့်အချက်များနှင့် ပြည့်စုံသည့် နိုင်ငံသားကောင်းများအဖြစ် ရှင်သန်ရပ်တည်ရေးကိုရည်ရွယ်၍ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ပြည်သူ့နီတိရေးဖြေပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်သုံးဆင့်ခွဲခြား၍ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများအပြင် ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျောင်းပြင်ပပညာရေးသင်ကြားနေသော ကလေးသူငယ်များ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် လုပ်ငန်းခွင်ဝင်နေကြသော ကျောင်းနေအရွယ် ကလေးများပါ ပါဝင်ဖြေဆိုနိုင်ပြီး အသက်အပိုင်းအခြားအားဖြင့် မူလတန်းအဆင့် ၅ နှစ်မှ ၁၀ နှစ်၊ အလယ်တန်းအဆင့် ၁၀နှစ်မှ ၁၅ နှစ်၊ အထက်တန်းအဆင့် ၁၅နှစ်မှ ၂၀ နှစ်အထိ သတ်မှတ်ထားပြီး ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်သည်။ နှုတ်ဖြေပြိုင်ပွဲကို ရေးဖြေပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ၁၀ ဦးရရှိသူများကို ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှုတ်ဖြေပြိုင်ပွဲမှ ဆုရရှိသူများကိုလည်း ထပ်မံဆုချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ပါဝင်ဖြေဆိုလိုသူများသည် မြို့တော်ခန်းမ(မြေညီထပ်)ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ပြန်ကြားရေးဌာနခွဲသို့ ရုံးချိန်အတွင်း ၂၀-၃-၂၀၁၇ မှ ၃၁-၃-၂၀၁၇ ရက်နေ့နောက်ဆုံးထား၍ အမည်၊ အဘအမည်၊ အသက်၊ အတန်း၊ ကျောင်း၊ မြို့နယ်တို့ကို ဖော်ပြ၍ အမည်စာရင်းပေးသွင်းနိုင်ပါသည်။

ပြိုင်ပွဲဝင်ဖြေဆိုနိုင်ရေးအတွက် လေ့လာရန် နမူနာပြ၊ ရည်ညွှန်းစာပေများအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကောက်နုတ်ရိုက်နှိပ်ထားသည့် ပြည်သူ့နီတိအသိပညာပေး အထောက်အကူပြု ကဗျာ၊ ပုံပြင်ဝတ္ထု (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) စာအုပ်များအပြင် အခြေခံပညာဦးစီးဌာနမှ ပြဋ္ဌာန်းထားသော ပြည်သူ့နီတိနှင့် စာရိတ္တပညာတွဲဖက် သင်ရိုးဝင်ဘာသာနှင့် ပြည်သူ့နီတိနှင့်ပတ်သက်သော ပြင်ပစာအုပ်များကို လေ့လာ၍ မိမိတို့၏ အတွေးအမြင်၊ အသိပညာဖြင့် ပေါင်းစပ်ဖြေဆိုကြရန်ဖြစ်ပါသည်။ ပြိုင်ပွဲကျင်းပမည့်နေရာများကို ဖြေဆိုသူအရေအတွက်ပေါ်မူတည်၍သက်ဆိုင်ရာခရိုင်များတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ Website-www.ycdc.gov.mm နှင့်တယ်လီဖုန်းအမှတ်-၀၉-၄၉၂၂၇၈၈၆၊ ၀၉-၇၃၀၃၀၁၇၅၊ ၀၉-၈၆၃၆၅၂၊ ၀၉-၇၇၈၀၅၂၁၄၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

## ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

ကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆက်လက်ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် အရေးပါသည့် ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတများကို ရေရှည်တည်တံ့ရန်နှင့် အကျိုးအရှိဆုံး အသုံးချနိုင်ရန် စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် မူဝါဒများချမှတ်ရန် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၏ တာဝန်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမဆုံး ခေါ်ယူကျင်းပသည့် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ အဓိက အရေးပါသည့်သယံဇာတများမှာ ရေနှင့်မြေ၊ သစ်တောများ၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားတစ်ဦးချင်းစီ၏ ရေအရင်းအမြစ်ပမာဏ (Renewable Fresh Water Resources Per Capita)သည် အမေရိကန် ပြည်ထောင်စုထက် နှစ်ဆ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံထက် ၁၅ဆနှင့် အိန္ဒိယနိုင်ငံထက် ၁၀ဆရှိပါကြောင်း၊ မြေသယံဇာတအနေဖြင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ၂၅ နိုင်ငံမြောက် စိုက်ပျိုးမြေ ဧရိယာအများဆုံး နိုင်ငံဖြစ်ပါကြောင်း၊ သစ်တောသယံဇာတအနေဖြင့် နိုင်ငံဧရိယာစုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းသည် ယခုအချိန်အထိ သစ်တောများ ဖုံးလွှမ်းနေပါကြောင်း။

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေချိန်တွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ရပ် ဖော်ဆောင်နိုင်မည့် အခြေခံများကိုတည်ဆောက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ကြွယ်ဝသည့် သဘာဝသယံဇာတများကို အခြေခံပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုဒဏ်ကို ကြံ့ကြံ့ခံကျော်လွှားနိုင်ရန်နှင့် သဘာဝဂေဟစနစ်များ တည်တံ့ခိုင်မြဲရန်တို့ကို ဆောင်ရွက်နိုင်ပါက နိုင်ငံ၏ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသသည် ၂၈၃၂ ကီလိုမီတာခန့် ရှည်လျားပြီး အိန္ဒိယ သမုဒ္ဒရာအဝန်းအဝိုင်းတွင် အရေးပါသည့် သဘာဝဂေဟစနစ်များ တည်ရှိရာဒေသဖြစ်ပါကြောင်း၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်း ဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ်များကိုတွေ့ရှိရပြီး အဆိုပါဂေဟစနစ်များက ကမ်းရိုးတန်းဒေသနေပြည်သူများနှင့် နိုင်ငံအတွက် ရေထွက်ကုန်ပစ္စည်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ပေးအပ်နေပါကြောင်း၊ ကမ်းရိုးတန်းဂေဟစနစ်များသည် ငါး၊ ပုစွန်များ အပါအဝင် ရေနေသတ္တဝါအမျိုးမျိုးရှင်သန် ကျက်စားနေထိုင်ရာဒေသများ ဖြစ်ရုံသာမက လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့နည်းစေရန် ကာကွယ်ပေးပါကြောင်း၊ မြေပေါ်နှင့်မြေအောက်ရေချိုအရင်းအမြစ်များအတွင်းသို့ ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုခြင်း အန္တရာယ်ကိုလည်း ကာကွယ်ပေးပါကြောင်း။

ထို့ကြောင့် ပင်လယ်နှင့်ကမ်းရိုးတန်းဒေသများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ခြင်းသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ဒီရေတောဂေဟစနစ်သည် ပင်လယ်ပြင်နေသက်ရှိများနှင့် ပတ်ဝန်းကျင်အတွက်အလွန်အရေးပါသည့် အခန်းကဏ္ဍတွင် ရပ်တည်နေပါကြောင်း၊ ဒီရေတောများ ပျက်စီးဆုံးရှုံးပါက ကမ်းနီး ကမ်းဝေးငါးဖမ်းလုပ်ငန်း နှစ်မျိုးလုံးကို များစွာထိခိုက်ပြီး ဆက်စပ်နေသည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကိုလည်း ပျက်စီးစေမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသ သယံဇာတအရင်းအမြစ်များသည် အကြောင်းအမျိုးမျိုးကြောင့် လျင်မြန်စွာယိုယွင်းပျက်စီးလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ ရေတိုအကျိုးစီးပွားအတွက် သယံဇာတများ မဆင်မခြင်ထုတ်ယူအသုံးပြုခြင်း၊ ကမ်းရိုးတန်းဂေဟစနစ်များမှရရှိသည့် လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများကို သိရှိနားလည်မှုအားနည်းခြင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်ဆိုင်သည့် မူဝါဒများချမှတ်မှုအားနည်းခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများတွင် အစိုးရဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများ၏ အကျိုးသက်ရောက်မှုအားနည်းခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်းတို့သည် ကမ်းရိုးတန်းဒေသသယံဇာတများ ပြုန်းတီးပျက်စီးခြင်း၏ အကြောင်းရင်းများဖြစ်ပါကြောင်း၊ ထိုသို့သောပြုန်းတီးပျက်စီးမှုများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသာမက နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ သယံဇာတများ ပျက်စီးပြုန်းတီးမှုနှင့်ဆိုင်သည့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ငါး၊ ပုစွန်များပေါက်ပွား ရှင်သန်ကျက်စားရာဖြစ်သည့် ဒီရေတောများ၊ သန္တာကျောက်တန်းများနှင့် ပင်လယ်မြက်ခင်းများ များစွာပျက်စီးသွားခဲ့သည်ကို လေ့လာဆန်းစစ်ချက်များအရ သိရှိရပါကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မူလရှိခဲ့သည့် ဒီရေတောဧရိယာထက် များစွာလျော့နည်းကျဆင်းသွားခဲ့ပြီး မူလက အရှေ့တောင်အာရှဒေသတွင် အကောင်းဆုံး အနေအထားတွင်ရှိသည်ဟု ယူဆခဲ့ကြသည့် မြိတ်ကျွန်းစုဒေသရှိ သန္တာကျောက်တန်းများသည်လည်း သိသာထင်ရှားစွာ ပျက်စီးလာနေသည်ကို အစီရင်ခံစာများအရ သိရှိရပါကြောင်း။

လက်ရှိကမ်းရိုးတန်းဒေသ သယံဇာတများ ယိုယွင်းပျက်စီးမှုကို ပိုမို ဆိုးရွားလာစေနိုင်သည့်ပြဿနာသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့်အတူ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာခြင်းပင်ဖြစ်ပါကြောင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည့်အတွက် ကမ်းရိုးတန်းဒေသများ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက မြေနိမ့်ဧရိယာများတွင်ရှိသည့် လူနေအိမ်ခြေနှင့် စိုက်ပျိုးမြေဧရိယာများကို ထိခိုက်လာမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အပူပိုင်းဒေသမုန်တိုင်းများ ပိုမိုဝင်ရောက်နိုင်ကာ ရှည်လျားသည့် မြန်မာ့ကမ်းရိုးတန်းဒေသများတွင် နေထိုင်သည့် ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် အခြေခံအဆောက်အအုံများ ဆုံးရှုံးမှုပိုမို များပြားလာနိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသတွင် တိုင်းဒေသကြီး လေးခုနှင့် ပြည်နယ် နှစ်ခုတို့ တည်ရှိပြီး လူဦးရေသန်းပေါင်း ၂၀ ကျော် မှီတင်းနေထိုင်ကြသည့်အတွက် ရာသီဥတုပြောင်းလဲမှုပြဿနာကို အလေးထားကိုင်တွယ်ဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းအသုံးပြုရန် ကနဦးအစီအစဉ်များရှိပြီးဖြစ်ပါကြောင်း၊ ကနဦး လုပ်ငန်းစဉ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ (Myanmar Agenda 21)တွင် နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသနှင့် သယံဇာတများကို ဘက်စုံစီမံ အုပ်ချုပ်လုပ်ကိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်နေသည့် ပေါင်းစပ်ညှိနှိုင်းမှုယန္တရားတစ်ရပ် တစ်နည်းအားဖြင့် အဆင့်မြင့်မူဝါဒနှင့် လုပ်ငန်းစဉ်ချမှတ်ရေးအဖွဲ့ တစ်ဖွဲ့ကို အမျိုးသားအဆင့်တွင် ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း။

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှု ဗဟိုကော်မတီ၏ တာဝန်နှင့် ဝတ္တရားများတွင်လည်း ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ မဟာဗျူဟာ၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ရန်ဆိုသည့် အချက်ပါဝင်ပါကြောင်း၊ အဆိုပါအဖွဲ့၏ တာဝန်ဝတ္တရားများကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်ရန် မိမိတို့နိုင်ငံအတွင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ရန်ပုံငွေတို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာနှင့် ရန်ပုံငွေအကူအညီဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒီရေတောပညာပေး ဗီဒီယိုမှတ်တမ်းအား ပြသသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က "ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟို ကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ"ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုနီက "ပင်လယ်ကမ်းရိုးတန်းဒေသရှိ သစ်တောနှင့် ဒီရေတောဂေဟစနစ်များ၏ လက်ရှိအခြေအနေနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ" ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က "ကမ်းနီး၊ ကမ်းဝေးရေထွက်ပစ္စည်း သယံဇာတများထိန်းသိမ်းရေးနှင့် ထုတ်လုပ်မှု အခြေအနေ" ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "ပင်လယ်ကမ်းရိုးတန်းဒေသ စိုက်ပျိုးမြေများ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ"ကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က "ပင်လယ်ကမ်းရိုးတန်းဒေသ သဘာဝဓာတ်ငွေ့နှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဘေးထွက်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ"ကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က "ပင်လယ်ကမ်းရိုးတန်းဒေသ သဘာဝအခြေခံ ခရီးသွား လုပ်ငန်းအပါအဝင် ခရီးသွားလာရေးလုပ်ငန်း၏ လက်ရှိအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာများ" ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ မြစ်ကြောင်းများထိန်းသိမ်းရေး၊ ဒီရေတောများထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အမရပူရမြို့နယ်ရှိ အပ်ချုပ်ဆိုင်နေအိမ်မှ အိမ်အကူ မိန်းကလေးတစ်ဦး နှိပ်စက်ခံရမှုဖြစ်ပွား

**အမရပူရ မတ် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာရှိ ဟိန်းအာကာ အပ်ချုပ်ဆိုင် နေအိမ်မှ အိမ်အကူမိန်းကလေး ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့် ပတ်သက်၍ ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာရှိ Family ကျောင်းသားအဆောင်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ရတနာပုံတက္ကသိုလ်ကျောင်းသားသမဂ္ဂအဖွဲ့ဥက္ကဋ္ဌဟောင်း ဦးနိုင်ရဲဝေက အိမ်အကူမိန်းကလေးမှာ လားရှိုးမြို့ နမ့်မွန်းကျေးရွာမှ မအေးကြင် အသက်(၁၄)နှစ်(ဘ) ဦးအိုက်နူးဖြစ်ကြောင်း၊ တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာရှိ ဦးနိုင်အောင်(ခ) အာချန်နှင့် ဇနီး မဆောင်းနှစ်သစ်ဦး (ဟိန်းအာကာ အပ်ချုပ်ဆိုင်) နေအိမ်တွင် အိမ်အကူအဖြစ် တစ်လလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး မအေးကြင်အား အိမ်ရှင်များက ညှဉ်းပန်းနှိပ်စက်ကြောင်း ရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အကြောင်းကြားသဖြင့် ဟိန်းအာကာ အပ်ချုပ်ဆိုင်နေအိမ်မှ မအေးကြင်အား ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ရာအိမ်မှူး ဦးမြင့်၏ နေအိမ်၌ မိသားစုနှင့်အတူ စောင့်ရှောက်ထားခဲ့ကြောင်း။

ညှဉ်းပန်းနှိပ်စက်ခံရသည့် အိမ်အကူ မအေးကြင်အား မေးမြန်းခဲ့ရာ ဦးနိုင်အောင်(ခ)အာချန်က ထမင်းပေါင်းအိုး ပလပ်ကြိုးဖြင့် ရိုက်နှက်ခြင်း၊ လက်သီးဖြင့် ထိုးခြင်း၊ ပါးရိုက်ခြင်း၊ အဝတ်ချုပ်အပ်တို့ဖြင့် ထိုးနှက်ခြင်း၊ ၎င်းအား ထပ်မံနှိပ်စက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ မအေးကြင်က ဒဏ်ရာရရှိမှုတို့ကို ပြသဖြေကြားခဲ့သည်။

အဆိုပါ အိမ်အကူ မအေးကြင်အား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ထန်းတောကျေးရွာ ရာအိမ်မှူး ဦးလှတိုးနိုင်ကတရားလိုပြုလုပ်၍ အမရပူရမြို့မ ရဲစခန်းသို့ ယနေ့နံနက်ပိုင်းက တိုင်ကြားခဲ့ရာ ရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၂၆ရ/၃၂၅အရ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ညှဉ်းပန်းနှိပ်စက်ခံရသည့် ဒဏ်ရာများကို တွေ့ရစဉ်။

# ဘူးသီးတောင်ဆေးရုံမှ ကလေးတရားခံတစ်ဦး ရောဂါသက်သာ၍ ဆေးရုံမှဆင်း

**နေပြည်တော် မတ် ၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတွင် ထိန်းသိမ်းထားသော ကလေးသူငယ်တရားခံတစ်ဦးသည် ဘူးသီးတောင်ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့ရာမှ ရောဂါသက်သာ၍ ယမန်နေ့က ဆေးရုံမှ ဆင်းခဲ့ကြောင်း သိရသည်။

ငါးခူရနယ်မြေ ရဲစခန်း (ပ) ၃၅/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ (ကလေး) မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)/(၂) နှင့် (ကလေး)လက်နက် ဥပဒေပုဒ်မ ၁၉(င) တို့ဖြင့် အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတွင် ထိန်းသိမ်းထားသူ တရားခံ ယာဆိမ်း(၁၆)နှစ်သည် အစာအိမ်အောင့်၊ ကြွက်သားအားနည်း ရောဂါဖြင့် ဘူးသီးတောင်ဆေးရုံတွင် အတွင်းလူနာအဖြစ် မတ် ၁ ရက်က ဒုတိယအကြိမ် တက်ရောက် ကုသခဲ့ရာမှ ရောဂါသက်သာသဖြင့် မတ် ၂ ရက် နံနက် ၁၁ နာရီခွဲတွင်ဆေးရုံမှဆင်းသွားခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အစိုးရတို့ ချေးငွေချေးယူရေးဆိုင်ရာစာချုပ်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၃**


မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား စာချုပ်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi Higuchi ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်ပစ္စည်းများ တိုးချဲ့သည့်စီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း ၂ ဒသမ ၂၆၃ ဘီလီယံ အကူအညီပေးရေးဆိုင်ရာ စာချုပ်လွှာနှင့် ဘီလူးချောင်းအမှတ်(၁) ဓာတ်အားပေးစက်ရုံနှင့် ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံတို့၏ ဓာတ်အားပေးစက်များကို အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းအတွက် ODAချေးငွေ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရေးဆိုင်ရာ စာချုပ်လွှာတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Tateshi Higuchi တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါစာချုပ်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍတွင် သတင်းအချက်အလက်နှင့် ရုပ်သံများ ထုတ်လွှင့်ဖြန့်ချိရာ၌ ပိုမိုထိရောက်ပြီး အရည်အသွေးကောင်းမွန်လာစေရန်၊ မြန်မာနိုင်ငံရှိ ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံနှင့် ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံတို့၏ ဓာတ်အားပေးစက်များကို အချိန်မီပြုပြင်ခြင်းဖြင့် စက်စွမ်းအားပြည့် စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ပေးနိုင်ရန်နှင့် နိုင်ငံ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၃**

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဆိုသည့်အတိုင်း တိုင်းပြည်ကိုချစ်သောစိတ်၊ မိမိနိုင်ငံကို အခြားတိုးတက်သော နိုင်ငံများကဲ့သို့ တိုးတက်ချမ်းသာသည်ကို မြင်လိုသောစိတ်တို့ဖြင့် ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကြိုးစားအားထုတ်ပြီး ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။




ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းကောင်းဆိုသည်မှာ မိမိတတ်သိနားလည်ရမည့် အရည်အချင်းများကို ပိုင်ဆိုင်အောင် လေ့လာဆည်းပူးမှု အမြဲဆောင်ရွက်နေသူများဖြစ်သည့်အပြင် ပြည်သူများ၏ အကျိုးစီးပွားကို စေတနာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရသူများဖြစ်ကြောင်း ဆက်လက်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေးအတွက် ယခင် Old Public Administration မှသည် နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့် လျော်ညီသော New Public Administration၊ New Public Management၊ New Public Governance တို့ကို အထောက်အကူပြုမည့် New Public Service Delivery လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုများ ပိုမိုပေးနိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများစွာကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ရည်မှန်းချက်များကို ပြည်သူနှင့်အတူ လက်တွဲ၍ အောင်မြင် ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် "နိုင်ငံတော်တည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်းလက်တွဲပြု" "Cooperation of the Civil Service and Public Creates a Nation" ဆိုသည့် ဆောင်ပုဒ်အသစ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် အဆင့်မြင့်အရာရှိကြီးများကို ယခုလို သင်တန်းများပေးခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှု (Individual Capacity Development) မှသည် အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု (Organizational Capacity Development) ရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီနှင့် တစ်ဖွဲ့လုံး၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးအတွက် အတွေ့အကြုံများနှင့် ဗဟုသုတများကို ပေါင်းစပ်ကာ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများကို အစဉ်လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး အောင်မြင်ရန်မှာ ခေါင်းဆောင်တစ်ဦးတစ်ယောက်ပေါ်မှာပဲ မှီခိုအားထားဆောင်ရွက်ရန်မှာ မဖြစ်နိုင်ပါကြောင်း၊ လူတိုင်းလူတိုင်းသည် မိမိတို့သက်ဆိုင်ရာ၊ မိမိတို့ကျွမ်းကျင်ရာ နယ်ပယ်အသီးသီးတွင် မိမိတို့ကိုယ် မိမိတို့ခေါင်းဆောင်စိတ်ဓာတ်မွေး၊ ခေါင်းဆောင်တာဝန်ယူပြီး ကြိုးစားဆောင်ရွက်ကြမှသာ နိုင်ငံနှင့်လူမျိုးတိုးတက်အောင်မြင်လာမည် ဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းဆိုသည်မှာ မိမိတတ်သိနားလည်ရမည့် အရည်အချင်းများကိုပိုင်ဆိုင်အောင် လေ့လာဆည်းပူးမှုကို အမြဲဆောင်ရွက်နေသူဖြစ်သည့်အပြင် နိုင်ငံသားများ၏ အကျိုးစီးပွားကို စေတနာနှင့်လုပ်ကိုင်ဆောင်ရွက်ကြသူများဖြစ်ကြောင်း ဆက်လက်မှာကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်များ၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် Hanns Seidel Foundation-HSF၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၊ EU(GOPA)၊ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသ သတင်းအချက်အလက်နည်းပညာဌာန (UN APCICT)၊ မလေးရှားနိုင်ငံ EDS Business School/Akamal University USA မှ ပညာရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည့် YCTC Business Institute၊ Business Innovation Facility တို့မှ ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်အသီးသီးကို လာရောက်ပို့ချခဲ့ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးညီညီစံ၊ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးအဆင့်၊ အဆင့်မြင့်အရာထမ်း သင်တန်းသား ၄၀၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ ရှန်တိစေတနာ့ဝန်ထမ်းအဖွဲ့ တို့ ပူးပေါင်းကျင်းပသည့် ဘာသာပြန်ပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၃**

စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ Shanti Volunteer Association (SVA) (ရှန်တိ စေတနာ့ဝန်ထမ်းအဖွဲ့)တို့ ပူးပေါင်း၍ လူငယ်များဘာသာပြန်စွမ်းရည်ဖွံ့ဖြိုးစေရန် ဒုတိယအကြိမ် ဘာသာပြန်ပြိုင်ပွဲ ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ မသြမြတ်မေကို (ကလောင်အမည်-သြမြတ်မေကို)က ပထမဆု၊ မသက်လယ် (ကလောင်အမည်-သက်လယ်)က ဒုတိယဆု၊ မဆွေဇင်မိုး(ကလောင်အမည်- မဆွေဇင်မိုး)က တတိယဆု၊ မမေသက်နွယ်ဦး (ကလောင်အမည်-မေသက်-ဆေးဝါး)နှင့် မချြူးမျက်သွယ် (ကလောင်အမည်-ချြူး)တို့က အထူးဆုများရရှိကြောင်း သိရသည်။

ဆုရရှိသူများသည် စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း- ၀၁-၃၈၁၄၄၉ နှင့် ဘာသာပြန်ဌာနစု ဖုန်း- ၀၁-၂၄၉၂၃၀ သို့ ဆက်သွယ်ကြရန်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် စာပေဗိမာန်ခန်းမ အမှတ်(၅၂၉၊ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ "ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ"ကို ဧပြီ ၂၉၊ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

စာတမ်းဖတ်ကြားရန် စိတ်ပါဝင်စားသူများသည် ဘာသာပြန်(ရသ)၊ ဘာသာပြန်(သုတ-ဝိဇ္ဇာ)၊ ဘာသာပြန် (သုတ-သိပ္ပံ)၊ သတင်းဘာသာပြန်ခြင်း၊ ကလေးစာပေဘာသာပြန်ခြင်း၊ တိုင်းရင်းသားစာပေမှ ဘာသာပြန်ခြင်းတို့နှင့် သက်ဆိုင်သောစာတမ်းများ ရေးသားပြုစုပေးပို့ဖတ်ကြားကြရန် ဖိတ်ခေါ်အပ်ပါသည်။

စာတမ်းများပေးပို့ရာတွင် $A_4$ စာမျက်နှာတစ်ဖက်တည်းတွင် Page-maker သို့မဟုတ် Word ၌ Win-Innwa, Font Size 15 ဖြင့် ရိုက်ပေးပါရန်၊ စာမျက်နှာအများဆုံး (၃၀) သာ ရေးသားပေးပါရန်၊ စာတမ်းမူရင်းတစ်စုံနှင့် Soft Copy ပါ ပေးပို့ပါရန်၊ စာတမ်းအင်္ဂါရပ်နှင့်အညီ အောက်ခြေမှတ်စု၊ ကျမ်းကိုးစာရင်းစသည်တို့ ပြည့်စုံစွာဖော်ပြပါရန်၊ စာတမ်းပေးပို့ရာတွင် စာတမ်းရှင်၏ ကိုယ်ရေးအကျဉ်းနှစ်စုံ (ကြည်လင်စွာ ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံကပ်လျက်)၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ(ဖုန်းနံပါတ်အပါအဝင်) စသည်တို့ ပြည့်စုံစွာ ဖြည့်စွက်ပေးပို့ပါရန်၊ စာတမ်းများကို စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် ရန်ကုန်မြို့သို့ လိပ်မူပြီး ဧပြီ ၄ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထားပေးပို့ပါရန် ပန်ကြားပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၁၄၄၉၊ ၀၁-၃၇၄၅၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီထံမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား ကျောင်းသူ ၁၇၂၄၁ ဦး ဖြေဆိုရန်စာရင်းပေးထားပြီး စာစစ်ဌာန ၃၇ ခုဖြင့် ကျင်းပမည်



**ဘားအံ မတ် ၃**

၂၀၁၇ ခုနှစ် မတ်လ ၈ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို စတင် ဖြေဆိုကြတော့မည်ဖြစ်ရာ ကရင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ ၁၇၂၄၁ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားပြီး စာစစ်ဌာန ၃၇ ခုဖြင့် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သက်ဆိုင်ရာ ကျောင်းများမှ ဆရာဆရာမများအား ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေး၍ ဝါရင့်သင်ကြားနေသော ဆရာဆရာမများကို အောင်ချက်နိမ့်သော ကျောင်းများသို့ သွားရောက်ပို့ချစေခဲ့ခြင်းတို့ကို စီမံဆောင်ရွက်ထားကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် စာစစ်ဌာနအရေအတွက် ၁၂ ခု (ဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူ ၇၁၅၃ ဦး)၊ လှိုင်းဘွဲ့မြို့နယ်တွင် စာစစ်ဌာနခြောက်ခု(ကျောင်းသား ကျောင်းသူ ၂၂၁၉ ဦး)၊ သံတောင်မြို့နယ်တွင် စာစစ်ဌာနလေးခု (ကျောင်းသား ကျောင်းသူ ၁၁၉၇ ဦး)၊ ဖာပွန်မြို့နယ်တွင် စာစစ်ဌာနနှစ်ခု(ကျောင်းသား ကျောင်းသူ ၆၀၄ ဦး)၊ ကော့ကရိတ်မြို့နယ်တွင် စာစစ်ဌာနခြောက်ခု (ကျောင်းသား ကျောင်းသူ ၂၈၈၃ ဦး)၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စာစစ်ဌာနငါးခု (ကျောင်းသား ကျောင်းသူ ၁၇၁၉ ဦး)၊ မြဝတီမြို့နယ်တွင် စာစစ်ဌာနနှစ်ခု (ကျောင်းသား ကျောင်းသူ ၁၄၆၆ ဦး) စုစုပေါင်း စာစစ်ဌာန ၃၇ ခုတွင် ကျောင်းသား ကျောင်းသူ ၁၇၂၄၁ ဦး ဖြေဆိုရန်စာရင်းပေးသွင်းထားကြကြောင်းသိရသည်။

ထိုသို့ စာရင်းပေးသွင်းထားသူများအနက် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ဖြေဆိုမည့် မြန်မာရွှေ့ပြောင်း ကျောင်းသား ကျောင်းသူ ၁၀၆ ဦးလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများမှ စီမံချက်များ အဆင့်ဆင့်ရေးဆွဲ၍ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူး၊ လက်ထောက် ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းများ၊ လုပ်ငန်းဆွေးနွေးပွဲ၊ သင်တန်းများကို ဖွင့်လှစ်၍ ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည်။

ထို့အပြင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုနိုင်ရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး လုံခြုံရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားကြောင်း၊ မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်စီမံချက်များ ရေးဆွဲဆောင်ရွက်ထားကြောင်း၊ အရေးပေါ်ဖြစ်ပေါ်လာပါက အရန်စာစစ်ဌာနများကိုလည်း ကြိုတင်လျာထား ဆောင်ရွက်ထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြတ်စမ်းတောင်ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ငရုတ်ကောင်း မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စုရှိ တန်ခိုးကြီး သမိုင်းဝင်မြတ်စမ်းတောင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပသော ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ထိ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

မြတ်စမ်းတောင်ဘုရားကြီးသည် ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စု သက္ကယ်ကွင်းကျေးရွာအနီး တောင်ပေါ်တွင်တည်ရှိပြီး ငရုတ်ကောင်းမြို့နယ် ကမ်းခြေဒေသတစ်လျှောက်၌ အထင်ကရပွဲတော်ကြီးဖြစ်၍ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ရက်တွင် ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြရာ အလွန်စည်ကားသောပွဲတော်ဖြစ်ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်များ ကျန်းမာရေးစောင့်ရှောက်မှု ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဓမ္မပီယဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၈ ရက်နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးမိုးမြင့် ဦးဆောင်၍ ရပ်ကွက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆေးကုသမှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး လက်ထောက်ဆရာဝန်ကြီးနှင့်အတူ အင်းစိန်အောင်ဆန်းမြို့ တီဘီဆေးရုံကြီး တီဘီတိုက်ဖျက်ရေးဌာနမှ ဓာတ်မှန်ဆရာသုံးဦးနှင့် မြို့နယ်/ရပ်ကွက် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင် ၁၃၇ ဦးနှင့် တီဘီရောဂါဝေဒနာရှင်သုံးဦးအား ဓာတ်မှန်များရိုက်ပေးခြင်း၊ ဆေးစစ်ပေးခြင်း၊ ပေါင်ချိန်ပေးခြင်းစသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ ရပ်ကွက် ကျန်းမာရေးကော်မတီများ၊ လူမှုရေးအဖွဲ့အစည်းများကပါ ပူပေါင်းပါဝင် ကူညီဆောင်ရွက်ကြကြောင်း သိရသည်။

**ညဏ်ဟိန်း(အင်းစိန်)**

# ရထားနှင့် ယာဉ်တိုက်မိမှုဖြစ်စဉ်လျော့နည်းကျဆင်းရေး ဟောပြော

**ပဲခူး မတ် ၃**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ(ပဲခူး) ရထားရဲစခန်းမှူး ရဲအုပ်စိုးမြင့်ဦးစီးအဖွဲ့သည် မတ် ၂ ရက် ညနေပိုင်းတွင် ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရထားနှင့်ယာဉ်တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်မဖြစ်ပွားရေးအတွက် အသိပညာပေးဟောပြောမှုပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေချပြ ရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ကျောက်တန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစံဝင်း၊ ကျောက်တန်းဘူတာရုံပိုင် ဦးမျိုးညဏ်နှင့် ဒေသခံပြည်သူ ၃၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ထရန်စဖော်မာနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**ရွှေတောင် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ နတ်မော်ကျေးရွာတွင် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တိုးချဲ့တည်ဆောက်ခြင်းနှင့် ယင်းထရန်စဖော်မာမှ ဓာတ်အားပေးထားသော ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၅၀၀ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲနိုင်ထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(၁၄၃)**

# လူထုအသိပညာပေးအကြိုလှုပ်ရှားမှု ပြည်ကြီးတံခွန်မြို့နယ်၌ ကျင်းပ

**မန္တလေး မတ် ၃**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် "လူထုအသိပညာပေးအကြိုလှုပ်ရှားမှု" မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အထက(၂၇) ကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က အသိပညာပေးဇာတ်လမ်းသရုပ်ဖော်ကပြခြင်းနှင့် Rule of Law (တရားဥပဒေစိုးမိုးရေးစင်တာ)က ရပ်ရွာဦးဆောင်ဘဝသရုပ်ဖော် အသိပညာပေးပြဇာတ်ဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေ၍ လူထုအသိပညာပေးမှုများဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာယုယုမေ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ Rule of Law မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်ရှိ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ပြည်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ရေးရာဆိုင်ရာ ဓာတ်ပုံဇာတ်လမ်းများ မတ် ၄ ရက်နှင့် ၅ ရက်တွင် မဟာဗန္ဓုလပန်းခြံ၌ ပထမဆုံးအကြိမ် စတင်ပြသမည်



**ရန်ကုန် မတ် ၃**

လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ရေးရာဆိုင်ရာ ဓာတ်ပုံဇာတ်လမ်းများ ရိုက်ကူးယှဉ်ပြိုင်မှုများ၏ အကောင်းဆုံး ရွေးချယ်ခံရသည့် ဓာတ်ပုံဇာတ်လမ်းများကို မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပထမဆုံးအကြိမ် စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်ဓာတ်ပုံပွဲတော်တွင် မြန်မာနိုင်ငံရှိ ထူးခြားလှသည့် မတူကွဲပြားသော တိုင်းရင်းသား လူမျိုးများအကြောင်း ပြောင်မြောက်စွာ ဖော်ကျူးထားသော James Henry Green ၏ "နယ်စွန်နယ်ဖျားဓာတ်ပုံများ (၁၉၁၈-၁၉၃၅)"၊ ၁၉၇၉ ခုနှစ်အတွင်း ဘဲလေးဓာတ်ပုံ၊ စတူဒီယို၌ ရိုက်ကူးခဲ့သည့် ဖက်ရှင်ဓာတ်ပုံများနှင့် Gunter Pfannmuller နှင့် Wilhelm Klein တို့ ၁၉၉၀ ပြည့်လွန်နှစ်များက မြန်မာပြည်အနှံ့ ရိုက်ကူးခဲ့သည့် "ဂုဏ်သိက္ခာကို ရှာဖွေခြင်း" အမည်ရှိ ဓာတ်ပုံကောင်းများကို ပြပွဲသုံးရပ်ဖြင့် ပြသသွားမည်ဟု သိရသည်။

(၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်တွင် World Press Photo ဓာတ်ပုံပြပွဲနှင့် နာမည်ကျော်ဓာတ်ပုံဆရာများဖြစ်သည့် Steve McCurry၊ Hans Silvester တို့၏ ရှေးဟောင်းအောက်မေ့ဖွယ် တင်ဆက်ပြသမှုတို့ကိုပါ မဟာဗန္ဓုလပန်းခြံ၌ ပြုလုပ်သွားမည်ဟု သိရသည်။

မတ် ၄ ရက်သည် "တို့ရန်ကုန်တို့အိမ်ရာ အနုပညာ ယဉ်ကျေးမှုပွဲတော်"၏ အနုပညာပြခန်းများနေ့ဖြစ်ပြီး အများပြည်သူများအနေဖြင့် ရန်ကုန်မြို့တွင်းရှိ အနုပညာခန်းမများကိုသွားရောက်လေ့လာနိုင်ပြီး မဟာဗန္ဓုလပန်းခြံတွင် ညနေခင်းကို အပန်းဖြေကုန်လွန်နိုင်ကြောင်း သိရသည်။

မတ် ၁၁ ရက်တွင် ပြင်သစ်ယဉ်ကျေးမှုဌာန၌ Dominique Nahr ၏ "တောင်ဆူဒန် (သို့မဟုတ်) ပြိုကွဲနေသည့်နိုင်ငံ" ပြပွဲဖွင့်လှစ်မှုဖြင့် ပွဲတော်ကို တင်ဆက်သွားမည်ဟု သိရသည်။ နိုင်ငံတကာ ဓာတ်ပုံပညာရှင်များ ပါဝင်အကဲဖြတ်မည့် အကောင်းဆုံး ဓာတ်ပုံဇာတ်လမ်းဆုများအတွက် မြန်မာဓာတ်ပုံဆရာများ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဆုနှင်းလှဲ့**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဗိသုကာပညာ၊ ဆောက်လုပ်ရေးနည်းပညာနှင့် ရေရှည်တည်တံ့သည့် မြို့တော်တည်ဆောက်ခြင်းဆိုင်ရာ နိုင်ငံတကာကွန်ဖရင့် ကျင်းပ

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံရုံးတို့၏ ဦးဆောင်မှုတို့ဖြင့် ဗိသုကာပညာ၊ ဆောက်လုပ်ရေးနည်းပညာနှင့် ရေရှည်တည်တံ့သည့် အနာဂတ်မြို့တော် တည်ဆောက်ခြင်းဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်တစ်ခုကို "နည်းပညာယဉ်ကျေးမှု-ရေရှည်တည်တံ့သည့် အနာဂတ်မြို့တော်တစ်ရပ် တည်ဆောက်ခြင်း"ဟူသော ခေါင်းစဉ်ဖြင့် မတ် ၃ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ကွန်ဖရင့်တွင် ခေတ်မီအဆင့်မြင့် နည်းပညာများ အသုံးပြုခြင်းဖြင့် မြို့တော်ဖွံ့ဖြိုးတည်ဆောက်ခြင်းတွင် ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း၊ ရေရှည်တည်တံ့သည့် မြို့တော်၊ ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင် တည်ဆောက်ခြင်း စိန်ခေါ်ချက်အားရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့်ဖြေရှင်းချက်များအား ဖော်ထုတ်နိုင်ရေး၊ အီတလီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား မြို့တည်ဆောက်ခြင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာ နည်းပညာများ ပေါင်းကူးဖလှယ်နိုင်ရေးနှင့် သတင်းအချက်အလက် အသိပညာ အတွေ့အကြုံများကို ဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

အဓိကထား ဆွေးနွေးခဲ့ကြသည့် အပိုင်းသုံးပိုင်းမှာ (၁)မြို့တော်တည်ဆောက်ခြင်း-ဗိသုကာပညာနှင့် ရေရှည်တည်တံ့သည့်မြို့တော်၊ (၂) အထပ်မြင့်အဆောက်အအုံများ-ဆောက်လုပ်ရေးနည်းပညာနှင့် အဆင့်မြင့်ကွန်ကရစ်အသုံးပြုမှု၊ (၃) သမိုင်းဝင်အဆောက်အအုံများ- သွင်ပြင်လက္ခဏာနှင့် ပြန်လည်မွမ်းမံခြင်း နည်းပညာတို့ဖြစ်ပြီး အီတလီနိုင်ငံမှ ပညာရှင်များအပြင် မီလန်မြို့ မြို့ပြစီမံခန့်ခွဲမှုနှင့် အခြေခံအဆောက်အအုံ စီမံစနစ်များ အပါအဝင် နိုင်ငံတကာ မြို့တည်ဆောက်ခြင်း၊ ဗိသုကာနှင့် လူနေအဆောက်အအုံ၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် နိုင်ငံတကာအတွေ့အကြုံရှိ Milan Polytechnic University မှ ပါမောက္ခတစ်ဦး ပါဝင်ဆွေးနွေးခဲ့သည်။

ယင်းအပြင် မြန်မာနိုင်ငံမှ ပညာရှင်များ၊ မြန်မာအင်ဂျင်နီယာအဖွဲ့အစည်း၊ မြန်မာဗိသုကာပညာရှင်များအဖွဲ့အစည်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့မှ ထင်ရှားသည့် ပညာရှင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပညာရှင်များနှင့် တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

"ရန်ကုန်မြို့ရဲ့ ဦးဆောင်ဖွံ့ဖြိုးတိုးတက်မှုက မြန်မာတစ်နိုင်ငံလုံးရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆိုင်ရာ မဟာဗျူဟာကျတဲ့အနေအထားမှာ ရှိနေပါတယ်။ ဒီကွန်ဖရင့်မှာ ဆွေးနွေးဖလှယ်မှုတွေဟာ မြန်မာနိုင်ငံအတွက် နည်းပညာနဲ့ ပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ချက် လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်ရေးနှင့် မြို့နေလူထုအတွက် ထိရောက်ခိုင်မာပြီး ရေရှည်တည်တံ့ခိုင်မြဲသည့်




မြို့ပြဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေးလမ်းကြောင်းကို လျှောက်လှမ်းရာတွင် စိန်ခေါ်မှုများစွာ တွေ့ကြုံရမည်ဖြစ်သည့်အပြင် အဆိုပါ စိန်ခေါ်မှုများအား ရင်ဆိုင်ရာတွင် နည်းပညာဆိုင်ရာယဉ်ကျေးမှုသည် အဓိကအခရာကျသည့် တန်ဖိုးတစ်ရပ်၊ အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း အဆိုပါကွန်ဖရင့်တွင် အဓိကထား ဆွေးနွေးခဲ့ကြသည်။

ယင်းကြောင့် ရေရှည်တည်တံ့သည့် အနာဂတ်အတွက် မြို့တော်တစ်ရပ် တည်ဆောက်ခြင်းဟုဆိုရာတွင် ရေရှည်တည်တံ့မှု၏ အဓိကကဏ္ဍသုံးရပ်ဖြစ်သည့် လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အား မျှတစွာ စီမံခန့်ခွဲနိုင်ရေးကို ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံရုံးတို့နှင့်အတူ Star Land Development Myanmar တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(ဝဝ၁)

**ဓာတ်ပုံ- စောသိန်းဝင်း**




## မြန်မာအမျိုးသမီးများ ရက်သတ္တပတ် သတင်းစာရှင်းလင်း

**ရန်ကုန် မတ် ၃**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကမ္ဘောဇအုပ်စုတို့ ပူးပေါင်း၍ ကျင်းပမည့် မြန်မာအမျိုးသမီးများရက်သတ္တပတ် (Women's Week-Myanmar) နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ကမ်းနားလမ်းရှိ Strand Square တွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကုလသမဂ္ဂအမျိုးသမီးများ အဖွဲ့အစည်း၏ အကြီးအကဲ Dr.Jean Dcunha၊ SMBC Bank (Yangon Branch ) General Manager Nobuyasu AKAGI နှင့် ကမ္ဘောဇဘဏ်လီမိတက် CSR Department မှ ဒေါ်ယုဝေမောင်တို့က မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ Women's Week ရက်သတ္တပတ်တွင် ပညာပေးမှတ်တမ်းရုပ်ရှင်အစီအစဉ်များ၊ ဆွေးနွေးဟောပြောပွဲများ၊ အားကစား စွမ်းရည်ဆိုင်ရာ လှုပ်ရှားမှုများ၊ စာပေဆွေးနွေးပွဲများ စသည်ဖြင့် မတူညီသော အစီအစဉ်များစွာကို မတ် ၆ ရက်မှ မတ် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရက်သတ္တပတ်ကို မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံတွင်းရှိ မျက်မှောက်ခေတ်နှင့် အနာဂတ် အမျိုးသမီးထု စွမ်းအားမြှင့်တင်ရေးအတွက် နိုင်ငံတကာအထိမ်းအမှတ်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်းသိရသည်။ ထို့အပြင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများ၏ တန်ဖိုးအား အမျိုးသားအမျိုးသမီးများအားလုံး အပြည့်အဝနားလည်စေရန်နှင့် အစိုးရ၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ထိပ်သီးခေါင်းဆောင်များနှင့် တွေ့ဆုံချိတ်ဆက်နိုင်စေမည့် ရှားပါးသည့်အခွင့်အရေးများရရှိရန် အထောက်အပံ့လည်း ဖြစ်စေမည် ဖြစ်သည်။

မြန်မာအမျိုးသမီးရက်သတ္တပတ် (Women's Week - Myanmar) ကို အမျိုးသား အမျိုးသမီး တန်းတူအခွင့်အရေးရရှိရေးနှင့် အမျိုးသမီးများအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေးဟူသည့် ကုလသမဂ္ဂ၏ ရည်မှန်းချက် United Nation's Sustainable Development Goals # 5 အား ဦးတည်သည့် Women's Week ၏ Creating Inclusive Growth ( ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု) ဖွင့်ပွဲဖိုရမ်ဖြင့် နေပြည်တော်၌ မတ် ၆ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၁ဝ)

## ရန်ကုန်မြို့အား အထပ်မြင့်အဆောက်အအုံများပြုလုပ်ကာ ပြုပြင်ထိန်းသိမ်းသင့်

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့တော်အတွင်း အထပ်မြင့်အိမ်ရာစီမံကိန်းများ ပြန်လည်သက်ဝင်လှုပ်ရှားလာပြီဖြစ်သောကြောင့် မြို့သစ်စီမံကိန်းတည်ဆောက်ခြင်းအား နိုင်ငံတကာကဲ့သို့ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်ပမှရောက်ရှိလာသော အထပ်မြင့်အဆောက်အအုံလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦးက"မြန်မာနိုင်ငံမှာ မြို့သစ်စီမံကိန်းဆောင်ရွက်မယ်ဆိုတာက အများကြီး research ပြန်လုပ်သင့်ပါတယ်။ မလိုအပ်ရင်မလုပ်ဆောင်သင့်ပါဘူး။ နိုင်ငံတကာမှာလည်း မြို့သစ်စီမံကိန်းတည်ဆောက်ဖို့အတွက် မြို့ကြီးကို ချဲ့လိုက်တာမဟုတ်ဘဲ အထပ်မြင့်အဆောက်အအုံများကိုသာ ဆောက်လုပ်ကြတာပါ။ မြို့သစ်စီမံကိန်းတစ်ခု တည်တော့မယ်ဆိုရင် ကုန်ကျစရိတ်က အလွန်များပြားပါတယ်။ ရန်ကုန်မြို့သစ်စီမံကိန်းဆောင်ရွက်မယ်ဆိုရင်လည်း နောင်လာမယ့် နှစ် ၅၀ လောက်ကိုမကြည့်ဘဲ နောင်လာမယ့်မျိုးဆက်သစ်ပြည်သူများအတွက် မြေနေရာချန်ထားပေးသင့်ပါတယ်။ ဥပမာ တရုတ်နိုင်ငံဆိုရင် မြေနေရာကိုချန်ထားတယ်။ ဒါလည်းသဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းထားတာပါ။

ဘာလို့လဲဆိုတော့ နောင်အနှစ် ၁၀၀၊ ၂၀၀ မှာ လူဦးရေက ဒီ့ထက်ပိုတိုးပွားလာမှာမို့ စိုက်ပျိုးမြေလိုအပ်တော့ မြေနေရာကို ချန်ထားတဲ့သဘောပဲလေ။ မြို့သစ်စီမံကိန်း ဆောင်ရွက်လိုက်မယ်ဆိုရင် စိုက်ပျိုးမြေနေရာရှိတော့မှာမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်ပါ ထိခိုက်စေမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာလည်း မြို့သစ်စီမံကိန်းတည်ပြီဆိုရင် စီမံကိန်းကြောင့်လမ်း၊ တံတားဆောက်လုပ်ရမှာဖြစ်ပြီး မလွတ်ကင်းတဲ့သစ်ပင်များကိုပါ ခုတ်ထွင်ရှင်းလင်းရမှာဆိုတော့ သဘာဝပတ်ဝန်းကျင်ပါထိခိုက်စေမှာဖြစ်ပါတယ်။ ဒါကြောင့် အခြားနိုင်ငံများကဲ့သို့ အလျားလိုက်မလုပ်ဆောင်ဘဲ Verticle ဖြစ်တဲ့ အထပ်မြင့်အဆောက်အအုံများကိုသာ ဆောက်လုပ်သင့်ပါတယ်"ဟု ဆိုလေသည်။

"ရန်ကုန်မြို့ထဲမှာဆို လေးထပ်၊ငါးထပ်ဖြစ်တဲ့ အထပ်နိမ့်အဆောက်အအုံတွေ အများကြီးရှိပါတယ်။ Block by Block Develop အနေနဲ့ လမ်းဘလောက်တစ်ခုလုံးကို ဖျက်ပြီး အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်သင့်ပါတယ်။ အစိုးရအနေနဲ့ မြို့သစ်မတည်ဘဲ ဒီအထပ်နိမ့်အဆောက်အအုံတွေကို အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်ပြီး ပြည်သူတွေနေထိုင်နိုင်အောင်စီမံပေးလို့လည်းရပါတယ်။ မြို့သစ်တစ်ခုတည်ဆောက်မှာထက်စာရင် လက်ရှိရှိနေပြီးသား ရန်ကုန်မြို့ကိုပဲ အဓိကထားပြီး အထပ်မြင့်နဲ့ ပြုပြင်ပြီးထိန်းသိမ်းသင့်ပါတယ်။ ပြီးတော့ အင်္ဂလိပ်ခေတ်ကလုပ်ဆောင်ခဲ့တဲ့ မိလ္လာစနစ်နဲ့ရေပေးဝေရေးစနစ်များကိုပါ အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်လို့ရပါသေးတယ်။ ဒါ့အပြင် နိုင်ငံတကာလိုပဲ အဲဒီအထပ်မြင့်အဆောက်အအုံတွေထဲမှာ ကားပါကင်၊ ပန်းခြံ၊ ကလေးကစားကွင်းတွေထည့်ပြီး ဆောက်လုပ်လို့ရပါတယ်။ လမ်းဘေးဈေးသည်တွေကိုလည်း အဲဒီအဆောက်အအုံထဲနေရာချပေးပြီး Food Court တွေ လုပ်ဆောင်ပေးလို့ရပါသေးတယ်။ ဒီတော့ဈေးသည်တွေအတွက်ပါ အဆင်ပြေသွားမှာပါ"ဟု ထပ်မံသုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့ရှိ ဝါရင့်အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက "လက်ရှိ အထပ်မြင့်အဆောက်အအုံတွေ ပြန်လည်ဆောက်လုပ်ဖို့ကို နိုင်ငံတော်အစိုးရအနေနဲ့ တော်တော်များများ ခွင့်ပြုလိုက်ပြီဆိုပေမယ့် ကျန်နေသေးတဲ့ အထပ်မြင့်အဆောက်အအုံတွေကိုပါ မြန်ဆန်စွာ ခွင့်ပြုပေးစေချင်ပါပြီ။ လာမယ့်မေလဆိုရင် အထပ်မြင့်အဆောက်အအုံတွေရပ်ဆိုင်းထားတာ တစ်နှစ်ပြည့်ပါပြီ။ တော်တော်များများအဆောက်အအုံတွေကို ခွင့်ပြုပြီးနေပြီမို့ ရပ်ဆိုင်းထားတာ ကျန်ရှိနေတဲ့အထပ်မြင့်အဆောက်အအုံတွေကိုလည်း ချွင်းချက်မရှိအမြန်ဆုံး ပြန်လည်ခွင့်ပြုစေချင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာအဆိုတင်သွင်းခံရတဲ့အထပ်မြင့်အဆောက်အအုံတွေကိုတောင် နိုင်ငံတော်အစိုးရကဆောက်လုပ်ခွင့်ကို ပြန်ပြီးခွင့်ပြုလိုက်ပြီဆိုတော့ ကျန်ရှိနေတဲ့အဆောက်အအုံအနည်းငယ်ကိုတော့ အမြန်ဆုံးပြန်လည်ခွင့်ပြုစေချင်ပါတယ်။ ကုမ္ပဏီတွေကလည်း ဘဏ်ချေးငွေတွေနဲ့အလုပ်လုပ်နေရတာဆိုတော့ အခက်အခဲရှိနေတဲ့အတွက် ကျန်ရှိအထပ်မြင့်အဆောက်အအုံတွေကိုပါ မြန်ဆန်စွာခွင့်ပြုပေးစေချင်ပါပြီ"ဟု ပြောသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၆ ရက်မှစတင်၍ ရန်ကုန်မြို့တော်၏ အထပ်မြင့်အိမ်ရာစီမံကိန်းများမှအခန်းများမှာ ဈေးကွက်ပြန်လည်လှုပ်ရှားခဲ့ပြီး အခန်းများအား Customer များမှ ဝယ်ယူလိုမှုများရှိလာခဲ့ကြောင်း၊ လက်ရှိအနေအထားအရ ရန်ကုန်မြို့တော်အတွင်း အထပ်မြင့်အိမ်ရာစီမံကိန်းများ ပြန်လည်သက်ဝင်လှုပ်ရှားလာပြီဖြစ်သောကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သဖြင့် ဈေးကွက်အနေအထား ကောင်းမွန်လာနိုင်စရာအကြောင်းရှိကြောင်းနှင့် ရန်ကုန်မြို့တွင်း နိုင်ငံ့ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းလူဦးရေစုစုပေါင်း တစ်သန်းနီးပါး အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**(စိုးဝင်း-MLA)**

# အိမ်ကွင်းမှာ အာဆင်နယ်ကို အနိုင်ယူမယ့် လီဗာပူး

ရှိုင်းမင်းမင်း

## ပရီးမီးယားလိဂ်ရင်ခုန်သံ-၂၇

**ပရီးမီးယားလိဂ်ပွဲစဉ် ၂၇ ကို လာမယ့်မတ်လ ၄၊ ၅၊ ၇ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့ အာဆင်နယ်ဆုံတွေ့နေသလို ချဲလ်ဆီးကလည်း လန်ဒန်မြို့ခံပြိုင်ဘက် ဝက်စ်ဟမ်းနဲ့ရင်ဆိုင်ရမှာဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

### မန်ယူ - ဘုန်းမောက် ည ၇း၀၀ (၄-၃-၁၇)

မန်ယူက ချန်ပီယံလိဂ်ဝင်ခွင့်မှန်းနေတာကြောင့် အိမ်ကွင်းဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ မန်ယူအနေနဲ့ ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်အဝေးကွင်းပွဲ ကစားရဖို့ရှိနေပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် နောက်ဆုံး ၄ ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့ ဘုန်းမောက်ရဲ့ခြေကလည်း အားနည်းမှုတွေများနေသလို ခံစစ်ပိုင်းလည်း အားနည်းနေလို့ မန်ယူကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### လက်စတာ - ဟားလ် ည ၉း၃၀ (၄-၃-၁၇)

ဟားလ်က နောက်ဆုံးပွဲစဉ်မှာ ဘန်လေကို အနိုင်မရခဲ့လို့ ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း လက်စတာက နည်းပြ အပြောင်းအလဲပြုလုပ်ထားလို့ ခြေစွမ်းပိုင်းလည်း ပြောင်းလဲလာနိုင်ပါတယ်။ အထူးသဖြင့် လက်စတာက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲလည်း ကစားရဖို့မရှိသေးပါဘူး။ ဒါ့အပြင် လက်စတာအနေနဲ့ အိမ်ကွင်းဖြစ်သလို တန်းမဆင်းရဖို့ဆိုရင် ဒီလိုပွဲမျိုးမှာ အနိုင်ရယူထားနိုင်ဖို့ လိုအပ်ပါတယ်။ တိုက်စစ်အားပြုကစားလာမယ့် လက်စတာပဲနိုင်ပွဲရမယ်။

### ဆွမ်ဆီး - ဘန်လေ ည ၉း၃၀ (၄-၃-၁၇)

ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း ဆွမ်ဆီးရဲ့တုံ့ပြန် ကစားပုံ ကောင်းမွန်ခဲ့ပါတယ်။ တိုက်စစ်က ဂိုးသွင်းခြေရရှိနေဆဲဖြစ်သလို အသင်းလိုက် ခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ဆွမ်ဆီးရဲ့ရှုန်းအားက ပိုမိုကောင်းမွန်တတ်သလို တန်းမဆင်းရဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဘန်လေကတော့ ဟားလ်ကိုသရေကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းခြေစွမ်း အားနည်းနေဆဲပါပဲ။ ဆွမ်ဆီးပဲ အနိုင်ရမယ်။

### လီဗာပူး - အာဆင်နယ် နံနက် ၀၀း၀၀ (၅-၃-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ဆိုရင် နှစ်သင်းစလုံး ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ လိုအပ်နေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ လီဗာပူးခြေက ပြန်လည်ကောင်းမွန်လာပါတယ်။ လီဗာပူးက အသင်းကြီးတွေနဲ့ပွဲမှာ ရလဒ်ကောင်းမွန်တတ်သလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ အာဆင်နယ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ လီဗာပူးကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### စပါး - အဲဗာတန် ည ၈း၀၀ (၅-၃-၁၇)

ယူရိုပါလိဂ်က ထွက်ခဲ့ရတာကြောင့် စပါးအနေနဲ့ ဒီပွဲမှာနိုင် ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေတယ်။ အဲဗာတန်ကတော့ ခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်း ကျဆင်းတတ်ပါတယ်။ အထူးသဖြင့် စပါးဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အားစိုက်လာမှာဖြစ်တာကြောင့် စပါးကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဝက်စ်ဟမ်း - ချယ်လ်ဆီး နံနက် ၂း၃၀ (၇-၃-၁၇)

ဆွမ်ဆီးကို အနိုင်ရခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်း ထင်ထားသလောက် ကောင်းမွန်မှုမရှိခဲ့ပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက အခုနောက်ပိုင်းပွဲတွေမှာ ပေးဂိုးတွေ ဆက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဟမ်းက လည်း ဒဏ်ရာရကစားသမားတွေရှိနေကာ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း အားနည်းနေပါတယ်။ ဝက်စ်ဟမ်းအတွက် အိမ်ကွင်းဖြစ်သလို ဒါဘီပွဲမှာနိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် စုဖွဲ့ကစားပုံနဲ့ တိုက်စစ်ပိုင်းပိုကောင်းတဲ့ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

# ရီးယဲလ်မက်ဒရစ်က ခေါ်ယူရန်စိတ်ဝင်စားနေခြင်းကြောင့် မန်စီးတီးအသင်း၌ အဂူရို ဆက်ရှိရန် မသေချာဖြစ်နေ

မန်စီးတီးအသင်းတိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိခြင်းကြောင့် မန်စီးတီးအသင်း၌ ဆက်ရှိရန် မသေချာသေးကြောင်း ပြောကြားခဲ့သည်။

ဇန်နဝါရီလအတွင်းက မန်စီးတီးအသင်းသို့ ဘရာဇီးလူငယ်ကစားသမား ဂါဘရီယယ်ဂျီးဆပ်ဇ် ရောက်ရှိခဲ့ပြီးနောက် နည်းပြ ဂွါဒီယိုလာက ပုံမှန်ပွဲထွက်ကစားသည့် ကစားသမားစာရင်းမှ အဂူရိုအား ချန်လှပ်ထားခဲ့ခြင်းကြောင့် မန်စီးတီးအသင်း၌ တိုက်စစ်မှူး အဂူရို ဆက်ရှိနေမည်လား သို့မဟုတ် ထွက်ခွာမည်လားဆိုသည့် မေးခွန်းများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ အဂူရို ထွက်ခွာမည်ဆိုသည့်သတင်းများ ထွက်ပေါ်လာခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားကြောင်း အတိအလင်းပြောကြားခဲ့သည်။ ထို့ပြင် တိုက်စစ်မှူး အဂူရို၏ အသင်းဟောင်းဖြစ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းကလည်း စပိန်မြေသို့ ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းများဆက်လက်ထွက်ပေါ်လာခဲ့သည်။

**(ငွေကြယ်)**




# နည်းပြဘဝကိုအနိုင်နဲ့ပိုင်းကာ နှုတ်ဆက်တော့မယ့် အင်းနရစ်

ဘာစီလိုနာအသင်းနည်းပြ အင်းနရစ်ဟာ ယခုနှစ်ရာသီကုန်မှာ ဘာစီလိုနာနည်းပြအဖြစ်ကနေ အနားယူမယ်လို့ ကြေညာခဲ့တာကြောင့် ဒီသတင်းဟာ အားကစားမီဒီယာစာမျက်နှာတွေထက် လူဖတ်အများဆုံး သတင်းတစ်ပုဒ်အဖြစ် နေရာယူထားခဲ့ပါတယ်။ မီဒီယာအချို့ကဆိုရင် ခြေသွက်လက်သွက်နဲ့ အင်းနရစ်နေရာ အစားထိုးနိုင်ခြေရှိတဲ့ နည်းပြတွေရဲ့ အမည်စာရင်းကိုတောင် ထုတ်နုတ်တင်ပြထားတာတွေ မြင်တွေ့ခဲ့ရပါတယ်။ အင်းနရစ်နေရာ အစားထိုးနိုင်မယ့် နည်းပြတွေအဖြစ် ဆီဗီလာနည်းပြ ဆမ်ပါအိုလီ၊ အာဆင်နယ်နည်းပြ ဝင်းဂါး၊ စပါးနည်းပြ ပိုချက်တီနို ဘာစီလိုနာအသင်း နည်းပြဟောင်း ဂွါဒီယိုလာ အစရှိသဖြင့် နာမည်ထွက်နေကြတာဖြစ်ပါတယ်။

အင်းနရစ်နဲ့ဘာကာ လမ်းခွဲမယ့်သတင်းဟာ ပရိသတ်တွေနဲ့ ကစားသမားတွေအတွက် သတင်းဆိုးဖြစ်လာခဲ့ပြီး ဘာကာပရိသတ်အချို့ကတော့ အင်းနရစ်တစ်ယောက် ပရီမီယာလိဂ်နည်းပြအဖြစ် ဆောင်ရွက်မှာကို မလိုလားပဲ စပိန်ဘောလုံးလောကတိုးတက်ရေးကို ဆက်လက်အကျိုးပြုဖို့သာ ဆန္ဒရှိကြပါတယ်။ ဂွါဒီယိုလာ၊ ပိုချက်တီနိုတို့လို လာလီဂါမှာ ကျင်လည်ဖူးတဲ့ နည်းပြတွေ ပရီမီယာလိဂ်ကို ရောက်ရှိသွားပြီးနောက်ပိုင်း ပရီမီယာလိဂ်ဟာ နာမည်ကျော်နည်းပြများရဲ့ နားခိုရာ ဖြစ်လာခဲ့ပါတယ်။ ဒီတော့ အင်းနရစ်လည်း အနာဂတ်ကာလမှာ ပရီမီယာလိဂ်ကို သွားရောက်အခြေချနိုင်တယ်လို့ သုံးသပ်နေတာဖြစ်ပါတယ်။

အင်းနရစ်က စပို့တင်းဂီဂျွန်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိတဲ့ ပွဲစဉ်အပြီးမှာ ယခုနှစ်နွေရာသီ ဘာကာနဲ့ စာချုပ်သက်တမ်းကုန်ဆုံးရင် ကလပ်အသင်းကနေ ထွက်ခွာတော့မယ်လို့ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အင်းနရစ်က "ယခုနှစ်နွေရာသီ ကျွန်တော် စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ ဘာကာကနေ ထွက်ခွာမှာဖြစ်ပါတယ်။ ဒီကိစ္စက ခက်ခဲပေမယ့် ကျွန်တော် စဉ်းစားပြီးသား ဆုံးဖြတ်ချက်တစ်ခုပါပဲ။ ကျွန်တော် အနားယူဖို့လိုအပ်ပါတယ်။ ဒါက ကျွန်တော် ဘာကာကနေခွာမယ့် အဓိက အကြောင်းပြချက်ပါပဲ"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာ တိုက်စစ်မှူး ဆွာရက်ဇ် ဒီသတင်းအတွက် အံ့ဩမိပေမယ့် နည်းပြအလုပ်ဆိုတာ အင်မတန် ခက်ခဲသလို စိတ်ဖိစီးမှုလည်းများတာကြောင့် အနားယူဖို့ လိုအပ်တယ်ဆိုတာ လက်ခံကြောင်း ဆိုပါတယ်။ အင်းနရစ်ပေးခဲ့တဲ့ အကြောင်းပြချက်ဟာ ယုတ္တိတန်ပြီး ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်ဖြစ်နေပါတယ်။ ဂွါဒီယိုလာလည်း ဒီလို အလားတူ အနေအထားမျိုး ထပ်တူကြုံတွေ့ခဲ့ပြီး ဘာကာကို လေးနှစ်တာဝန်ယူပြီးနောက် အနားယူသွားခဲ့ပါတယ်။

အင်းနရစ်ဟာ ဘာစီလိုနာ လူငယ်နည်းပြ တာဝန်ကို ၂၀၀၈ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် သုံးနှစ်တာဝန်ယူခဲ့ပြီးနောက် ရိုးမားအသင်းကို ပြောင်းလဲကိုင်တွယ်ခဲ့ပါတယ်။ အများစုက ဂွါဒီယိုလာ လက်သစ်ဖြစ်လာလိမ့်မယ်လို့ ထင်ကြေးပေးမှုတွေရှိပေမယ့် ရိုးမားအသင်း ဥရောပဝင်ခွင့် လွဲချော်ခဲ့ခြင်းနဲ့အတူ



သူလည်း စာချုပ်သက်တမ်းပြည့် သုံးနှစ် မကိုင်တွယ်ဘဲ တစ်နှစ်သက်တမ်းနဲ့ နုတ်ထွက်သွားခဲ့ပါတယ်။ အဲဒီနောက် ဆယ်လ်တာဗီဂို အသင်းကို ၂၀၁၃-၂၀၁၄ ဘောလုံးရာသီအတွင်းတာဝန်ယူ ကိုင်တွယ်ခဲ့ပြီး အဲဒီရာသီကုန်မှာ ဘာစီလိုနာအသင်းကို ပြောင်းလဲကိုင်တွယ်ခဲ့ပါတယ်။ အင်းနရစ်ကိုင်တွယ်ခဲ့တဲ့ ကာလအတွင်း ဘာစီလိုနာဟာ ဖလားရှစ်လုံး ရရှိခဲ့ပြီးဖြစ်ပေမယ့် ပီအက်စ်ဂျီကို လေးဂိုးပြတ်နဲ့ အရေးနိမ့်ပြီးနောက် အားကစားမီဒီယာတွေက ဒီအကြောင်းကိုသာ အသားပေးဖော်ပြနေတာကြောင့် ပရိသတ်ဖိအား၊ အောင်မြင်မှုဖိအားနဲ့ မီဒီယာဖိအားတွေကြားထဲမှာ မလူးသာ မလွန့်သာ အခြေအနေဆိုက်သွားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုဝေဖန်ချက်တွေဟာ ဘာစီလိုနာအတွက် နှစ်ပေါင်းများစွာပေးဆပ်ခဲ့တဲ့ အင်းနရစ်အတွက် မမျှတသလို ရက်စက်လွန်းတယ်လို့လည်း ပြောလို့ရပါတယ်။ ဘာလို့ပါလဲ။ သူဟာ ကစားသမားဘဝနဲ့ ရှစ်နှစ်၊ လူငယ်နည်းပြအဖြစ် သုံးနှစ်၊ အသင်းကြီးနည်းပြအဖြစ် သုံးနှစ်တာဝန်ယူထားတာကြောင့် ဘာကာအတွက် ၁၄ နှစ်တာ ပေးဆပ်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ဘာစီလိုနာကို ကိုင်တွယ်ခဲ့တဲ့ ပထမရာသီမှာပဲ ပြည်တွင်းလိဂ်ဖလားနှစ်လုံး (လာလီဂါဖလား၊ ကိုပါဒယ်ရေးဖလား)၊ ချန်ပီယံလိဂ်ဖလား တစ်လုံး ရယူပေးနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဂွါဒီယိုလာ လုပ်ဆောင်ပြခဲ့တဲ့ပုံစံအတိုင်း ထပ်မံလုပ်ဆောင်ပြနိုင်ခဲ့တဲ့အတွက် ထပ်မံလုပ်ဆောင်ပြနိုင်တဲ့အတွက် ဘောလုံးသမိုင်းမှာ ဘာစီလိုနာတစ်သင်းတည်းသာ ဖလားသုံးလုံးကို နှစ်ကြိမ်တိုင် ရယူနိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်သွားပါတယ်။

ဆိုတာက အင်းနရစ်ဟာ ကမ္ဘာ့ကလပ် ချန်ပီယံဖလား၊ ယူအီးအက်ဖ်အေစူပါဖလား၊ စပိန် စူပါကိုပါဖလားအပါအဝင် နှစ်ရာသီအတွင်း စုစုပေါင်းဖလား ရှစ်လုံး၊ ယခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဖလား မရယူနိုင်ခဲ့ရင်တောင် လာလီဂါနဲ့ ကိုပါဒယ်ရေးဖလား ရယူနိုင်ဖို့ အလားအလာရှိနေဆဲဖြစ်တာကြောင့် သုံးနှစ်အတွင်း ဖလား ၁၀ လုံးလောက် ရယူနိုင်မယ့် အလားအလာတွေကို မြင်နေရဆဲဖြစ်ပါတယ်။

တကယ်တော့ အင်းနရစ်ဟာ ဂျိုဟန်ခရိုက်ခ်၊ ဂွါဒီယိုလာတို့ပြီးနောက် ဘာစီလိုနာအသင်းရဲ့ တတိယမြောက် ဗိသုကာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ လာမယ့်ရာသီမှာ နည်းပြသစ်တစ်ဦး မဖြစ်မနေ ခန့်အပ်သွားရမှာဖြစ်ပေမယ့် ဒီနည်းပြသစ်ဟာ အင်းနရစ် ရရှိခဲ့တဲ့အောင်မြင်မှုကို လိုက်မီဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် ဒီနှစ်ဘောလုံးရာသီအတွင်း ဘာစီလိုနာအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ကနေ ထွက်ခွာရသည့်တိုင်အောင် သူ့ကို ပရိသတ်တွေအနေနဲ့ ကျေးဇူးတင်သင့်တယ်ဆိုတာကတော့ အမှန်တရားတစ်ရပ်ပဲဖြစ်ပါတယ်။ **(မေလှဲ့သင်း)**

**အင်းနရစ်ရဲ့ နည်းပြ ဘဝဖြတ်သန်းမှု**

| ခုနှစ် | တာဝန်ယူကိုင်တွယ်ခဲ့သည့်အသင်း |
|---|---|
| ၂၀၀၈-၂၀၁၁ | ဘာစီလိုနာ( ခ)အသင်း |
| ၂၀၁၁-၂၀၁၂ | ရိုးမား |
| ၂၀၁၃-၂၀၁၄ | ဆယ်လ်တာဗီဂို |
| ၂၀၁၄-ယခုထိ | ဘာစီလိုနာ |

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှ အဆက်)

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ယ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (ar) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ် မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၉၅၀၁ ကျပ် မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၀၁ ကျပ်မှ ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၅၀ % |
| ၁၁။ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ % |
| ၁၂။ | ကျောက်စိမ်းအရိုင်းထည်များ။ | | ၁၅ % |
| ၁၃။ | ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၁၀ % |
| ၁၄။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြ နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြား အဖိုးတန်ကျောက်မျက် ရတနာအချောထည်များ။ | | ၅ % |
| ၁၅။ | (က) Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၀ % |
| | (ခ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ % |
| | (ဂ) Double Cab 4 Door Pickup မှ အပ ၄၀၀၁ CC အထက် ဗင်ကားများ၊ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၆။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့။ | ၈% |
| (၂) | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀% |
| (၃) | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅ % |
| (၄) | ပတ္တမြား၊ နီလာ၊ စိန်၊ မြ နှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၀ % |
| (၅) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြ နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ။ | ၅ % |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၈ | အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hydrochlorite များသာ) |
| ၂၉ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၀ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |

(ဆက်လက်ဖော်ပြပါမည်)

# တတိယမြောက်နှင့် နောက်ဆုံး ဝူလ်ဗာလင်းဇာတ်ကားတွင် ထပ်မံမြင်တွေ့ရမည့် ဟုခ်ဂျက်မန်း




X-Men ဇာတ်ကားများ၏ တတိယမြောက်နှင့် နောက်ဆုံးဇာတ်ကားဖြစ်သည့် လူစွမ်းကောင်းတစ်ဦးဖြစ်သူ ဝူလ်ဗာလင်းအဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားသောရုပ်ရှင်သစ် "Logan"တွင် ဩစတြေးလျမင်းသား ဟုခ်ဂျက်မန်းကို သန္ဓေပြောင်းလူသားတစ်ဦးဖြစ်သည့် ဝူလ်ဗာလင်းအဖြစ် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်ဇာတ်ကားသစ်မှာ ဘာတွေ ဘယ်လိုဆက်ဖြစ်မယ်ဆိုတာတော့ စိတ်လှုပ်ရှားစရာပါပဲ။ ကျွန်တော်ကိုယ်တိုင်တောင် ဒီဇာတ်ကားသစ်ကိုကြည့်ဖို့ စိတ်လှုပ်ရှားမိပါတယ်"ဟု မေ ၁ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြုလုပ်သည့် Logan ဇာတ်ကားသစ် မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သရုပ်ဆောင် ဟုခ်ဂျက်မန်းက ပြောကြားခဲ့သည်။

ယင်းဇာတ်ကားကို ဖေဖော်ဝါရီ ၁၇ ရက်က (၆၇)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မိတ်ဆက်ပြသခဲ့ပြီး မတ် ၃ ရက်က အမေရိကန်နိုင်ငံ၌ စတင်ပြသခဲ့ကြောင်း သိရသည်။

Logan ဇာတ်ကားသစ်သည် ယနေ့ခေတ်ကာလတွင် ဖြစ်ပေါ်နေသော ကမ္ဘာ့ပြည်သူများခံစားနေရသည့် အထီးကျန်မှုနှင့် ကြောက်ရွံ့မှုတို့အကြောင်းနှင့် အကောင်းမြင်စိတ်ဖြင့် ခက်ခဲသောအရာအချို့ကို အောင်နိုင်အောင် ကြိုးပမ်းနိုင်ပုံတို့ကို ရည်ရွယ်ရိုက်ကူးထားသော ဇာတ်ကားလည်းဖြစ်သည်။ ယင်းဇာတ်ကားတွင် အဓိကသရုပ်ဆောင် စူပါဟီးရိုး ဝူလ်ဗာလင်းအဖြစ် သရုပ်ဆောင် ဟုခ်ဂျက်မန်းနှင့် ပတ်ထရစ်စတီးဝပ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ **(ဖြိုးစန္ဒာ)**


NBC via Getty Images

## ဆက်လက်ကျင်းပမယ့် ဖျော်ဖြေပွဲတွေမှာ မီးရှူးမီးပန်းပစ်ဖောက်မှုကို တားမြစ်သွားမယ့် အဒဲလ်

ဗြိတိန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အဒဲလ်က မကြာခင် ဩစတြေးလျမှာ ကျင်းပမယ့် ဂီတဖျော်ဖြေပွဲတွေမှာ မီးရှူးမီးပန်းပစ်ဖောက်မှုနဲ့ အသံကျယ်လောင်တဲ့ ပစ်ဖောက်မှုတွေကို တားမြစ်သွားမှာဖြစ်ကြောင်း အဆိုပါဖျော်ဖြေပွဲစီစဉ်သူတစ်ဦးက မတ် ၁ ရက် ညနေပိုင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဲဒီလို တားမြစ်ရခြင်းအကြောင်းကတော့ တေးသံရှင် အဒဲလ်ရဲ့ ရှိုးပွဲတစ်ခုမှာ ပစ်ဖောက်ခဲ့တဲ့ မီးရှူးမီးပန်း အစအနတွေဟာ လေးနှစ်အရွယ်သားဖြစ်သူရဲ့မျက်လုံးထဲကိုဝင်ကာ ဒဏ်ရာရရှိခဲ့တာကြောင့် အခုကျင်းပမယ့် ရှိုးပွဲအသစ်မှာ မီးရှူးမီးပန်းပစ်ဖောက်မှုကို တားမြစ်ရတာဖြစ်ကြောင်းလည်း သိရပါတယ်။


"ရှိုးပွဲနောက်ဆုံးညအထိ မီးရှူးမီးပန်းတွေ ပစ်ဖောက်ခဲ့ကြပါတယ်။ သားလေးက ပရိသတ်ကြီးနဲ့အတူ လူအုပ်ထဲမှာ ထိုင်နေတာ။ မီးရှူးမီးပန်းရဲ့ အပိုင်းအစတွေက သားရဲ့မျက်လုံးထဲဝင်ကာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ပါတယ်။ ဒါကြောင့် ဒီကိစ္စကို တားမြစ်ရတာဖြစ်ပါတယ်"လို့ တေးသံရှင် အဒဲလ်က ဆိုပါတယ်။

အဒဲလ်ရဲ့ ဖျော်ဖြေရေးခရီးစဉ် စီစဉ်သူဖြစ်တဲ့ လိုက်ဖ်နေးရှင်းမှ တာဝန်ရှိသူတစ်ဦးက မျက်လုံးထိခိုက်ဒဏ်ရာရရှိမှုက သိပ်ပြီးတော့ မကြီးမားကြောင်းနဲ့ ဘရစ္စဘိန်း၊ ဆစ်ဒနီ၊ အက်ဒလိတ်၊ မဲလ်ဘုန်းနဲ့ နယူးဇီလန်က ဖျော်ဖြေပွဲတွေမှာ မီးရှူးမီးပန်းပစ်ဖောက်ဖို့ ခွင့်ပြု၊ မပြုကို လတ်တလော အချိန်အထိ အတည်ပြုချက်မရသေးကြောင်း ပြောကြားခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက စတင်ခဲ့တဲ့ အဒဲလ်ရဲ့ Live 2016 ဂီတဖျော်ဖြေပွဲဟာ ကမ္ဘာ့နိုင်ငံအတော်များများမှာ ဖျော်ဖြေခဲ့ပြီးဖြစ်ကာ ယခုနှစ် ဇူလိုင် ၂ ရက်မှာ အင်္ဂလန်မှာ ပြီးဆုံးမှာဖြစ်ကြောင်း သိရပါတယ်။ **(ဖြိုးစန္ဒာ)**

# ဗီလိန်မရှိပေမယ့်လမ်းခွဲလိုက်ရပြီဖြစ်တဲ့ ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်းတို့ရဲ့ အချစ်ဇာတ်လမ်း

ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ "Pirates of the Caribbean" ရုပ်ရှင်တွေနဲ့ နာမည်ကျော်ခဲ့တဲ့ မင်းသား အော်လန်ဒိုဘလွန်းနဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ကတ်တီပါရီတို့ရဲ့ အချစ်ခရီးလမ်းဟာ လတ်တလောမှာတော့ အဆုံးသတ်လိုက်ပြီဖြစ်တယ်လို့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုချစ်သူတွေအဖြစ် လက်တွဲလာခဲ့တာ တစ်နှစ်



ကျော်သာကြာမြင့်သေးတဲ့အချိန်မှာ ရုတ်တရက်လမ်းခွဲလိုက်ကြတဲ့ သူတို့ရဲ့ အချစ်ဇာတ်လမ်းမှာတော့ ယခုလိုလမ်းခွဲစေအောင် နှစ်ဦးအကြား တွန်းအားပေးခဲ့တဲ့ ဗီလိန်တော့မရှိကြောင်းလည်း ကတ်တီပါရီက ဖွင့်ဟပြောကြားခဲ့တယ်လို့ ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂ ရက်မှာ ကတ်တီပါရီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူနဲ့ အော်လန်ဒိုဘလွန်းတို့ရဲ့ အချစ်ဇာတ်လမ်းနဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ကတ်တီပါရီက နှစ်သစ်ကို အတွေးသစ်တွေနဲ့ စတင်တော့မှာဖြစ်ကြောင်းနဲ့ သားကောင်ဖြစ်သွားတဲ့သူလည်းမရှိသလို ဗီလိန်လည်းတစ်ယောက်မှမရှိကြောင်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

လတ်တလောမှာ သူ့ရဲ့တေးသီချင်းသစ် "Changed to the Rhythm" ကို နောက်ဆုံးထုတ်လွှင့်ထားခဲ့တဲ့ အသက် (၃၂)နှစ်အရွယ် ကတ်တီပါရီဟာ ချစ်သူနဲ့လမ်းခွဲလိုက်ကာ ပြောင်းလဲမှုတစ်ခုကို ပြုလုပ်ခဲ့သလို သူ့ရဲ့ဆံပင်တွေကိုလည်း ညှပ်ပစ်ခဲ့တာဖြစ်ပါတယ်။ ကတ်တီပါရီက မကြာသေးမီကမှ ညှပ်ထားခဲ့တဲ့ သူ့ရဲ့ဆံပင်တွေကို ထပ်မံညှပ်ပစ်ခဲ့တာဖြစ်ပြီး သူ့ရဲ့ဆံပင်ပုံစံသစ်နဲ့အတူ ဆံပင်ညှပ်ခဲ့တာနဲ့ပတ်သက်ပြီးလည်း ပြီးခဲ့တဲ့ကြာသပတေးနေ့မှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါသေးတယ်။ ကတ်တီပါရီက "ကျွန်မအနေနဲ့ ဒီဆံပင်လေးကို အလွန်ပဲနှစ်သက်မိပါတယ်။ လောလောဆယ်မှာတော့ ဒီကမ္ဘာကြီးပေါ်မှာ ဆက်လက်ရွေ့လျားနေတဲ့ အခြားအရေးကြီးတဲ့ အကြောင်းအရာတွေလည်း ရှိနေပါသေးတယ်။ အဲဒီအရာတွေကို သံစဉ်တွေအဖြစ် ဖန်တီးလိုက်ရအောင်"လို့ ဖော်ပြခဲ့ပါတယ်။

ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်းတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အော်စကာဆုပေးပွဲကြီးပြီးနောက် ကျင်းပခဲ့တဲ့ အော်စကာပါတီမှာ နှစ်ဦးသားရဲ့ရင်းနှီးလွန်းတဲ့ အပြုအမူတွေကြောင့် ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မကြာမီမှာ အဆိုပါကြယ်ပွင့်နှစ်ဦးဟာ တရားဝင်လက်တွဲလာခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံး အတူတွဲတွေ့ခဲ့ရတာကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲကြီးအပြီး အော်စကာပါတီမှာပဲ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း အော်လန်ဒိုဘလွန်းက ကတ်တီပါရီနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို လူမှုကွန်ရက်မီဒီယာတွေဆီ သယ်ဆောင်လာခဲ့ပေမယ့် လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ **(အေးပြည့်)**

## ပရိသတ်ကို စိတ်ပူစေခဲ့တဲ့ G-Dragon



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တွေအနက် တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G-Dragon ဟာ လတ်တလောမှာ ဖော်ပြခဲ့တဲ့ဓာတ်ပုံကြောင့် သူ့ရဲ့ပရိသတ်တွေကို သူနဲ့ပတ်သက်ပြီး ထပ်မံစိုးရိမ်စေခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

G-Dragon ဟာ မကြာသေးမီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် သူ့ရဲ့ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ရာ အဆိုပါဓာတ်ပုံကြောင့် ပရိသတ်တွေက G-Dragon အနေနဲ့ ယခင်အကျင့်ဟောင်းကို မဖျောက်ဖျက်နိုင်ဘဲ ဆေးလိပ်ပြန်သောက်မှာကို စိုးရိမ်နေကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂ ရက်မှာ G-Dragon က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်မှာ စီးကရက်ပုံကို ဖော်ပြခဲ့တာကြောင့် ယခင်ကလည်း ဆေးရွက်ကြီးကို အချိန်အတော်ကြာ သုံးစွဲခဲ့ဖူးသူအဖြစ် ဝန်ခံခဲ့ဖူးကာ ဆေးလိပ်ဖြတ်ဖို့ ကတိပေးပြောကြားထားတဲ့ G-Dragon အနေနဲ့ လတ်တလောမှာ သူ့ရဲ့ အကျင့်ဟောင်းကို ပြန်လည်စတင်နေပြီလားရယ်လို့ သံသယဝင်နေကြပါတယ်။ ဒါပေမယ့် အဆိုပါ မီဒီယာကတော့ ယင်းဓာတ်ပုံဟာ ဆေးလိပ်ဖြတ်လိုတဲ့စိတ်နဲ့ သုံးစွဲလိုတဲ့စိတ်အကြား ဗျာများနေတဲ့ သူ့ရဲ့ ခံစားချက်ကို G-Dragonက ဖော်ပြချင်နေခဲ့တာဖြစ်တယ်လို့လည်း ဝေဖန်ရေးသားခဲ့ပါတယ်။

ဆေးရွက်ကြီးကို နှစ်အတော်ကြာသုံးစွဲနေတဲ့ ကြယ်ပွင့်တစ်ဦးအဖြစ် ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြခြင်းခံခဲ့ရပြီးတဲ့ နောက်မှာတော့ G-Dragon က ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဆေးလိပ်ဖြတ်တော့မှာဖြစ်ကြောင်း ပရိသတ်တွေကို မီဒီယာတွေကနေတစ်ဆင့် ကတိပေးပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဆေးလိပ်ဖြတ်ရတာဟာ ထင်သလောက်မလွယ်ကူဘဲ ကြိုးစားဖြတ်နေရတာကို ပြောကြားလိုခြင်းဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ထင်ကြေးပေးခဲ့ပါတယ်။

အဆိုပါဓာတ်ပုံကို ဖော်ပြခဲ့ပြီးတဲ့နောက် G-Dragon ရဲ့ ပရိသတ်တွေက သူ့ကို ဆေးလိပ်သောက်တဲ့အကျင့်ကို ပြန်လည်မမွေးမြူဖို့၊ ကျန်းမာရေးအတွက် အဆိုပါအကျင့်ကို ဖျောက်သင့်ကြောင်းနဲ့ အားပေးနေတဲ့ ပရိသတ်အတွက် ကျန်းကျန်းမာမာ နေထိုင်စေလိုကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဝိုင်းဝန်းဝေဖန်ရေးသားခဲ့ကြပါတယ်။ အဆိုပါဓာတ်ပုံဟာ G-Dragon အနေနဲ့ ဆေးလိပ်ပြန်သောက်နေတာကို ဖော်ပြလိုတာဟုတ်၊ မဟုတ်မသေချာပေမယ့် သူ့ရဲ့ပရိသတ်တွေကိုတော့ အတော်လေးစိတ်ပူစေခဲ့တဲ့ ဓာတ်ပုံတစ်ပုံဖြစ်ခဲ့ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

**(အေးပြည့်)**

# ကျေးရွာချင်းဆက်လမ်းတံတားနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

**မံစီ မတ် ၃**

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း (မွမ်းမံ) ရန်ပုံငွေဖြင့် မံသဲ-ဟန်ထက်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် မြေသားတာပေါင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် မံသဲ မြစိမ်းရောင်စီမံကိန်းကျေးရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် နဂါးမောက်ခြံစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်နေမှုတို့ကို ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်နု၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်းနှင့် ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဖြိုးကြိုင်(ပြန်/ဆက်)**



# မဟာအတုလချမ်းသာစေတီတော် ရွှေထီးတော်တင်လှူ

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပေါက်တောကျေးရွာ ပေါက်တောကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းဆုတောင်းပြည့် မဟာအတုလချမ်းသာစေတီတော်မြတ်ကြီးအား ဆရာတော် ရွှေကျင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရဦးဆောင်မှုဖြင့် စေတီတော်ရွှေထီး အလှူရှင် ဦးထွန်းနိုင်-ဒေါ်မိုးမိုးခိုင် ကမ္ဘာမြေကုမ္ပဏီမှ လှူဒါန်းမှုဖြင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

ပေါက်တောကျေးရွာဥက္ကဋ္ဌက "ဒီစေတီဟာ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်ပါတယ်။ ထီးတော်တင်ဖို့ လူပုဂ္ဂိုလ်ကိုးဦးအထိ ကြိုးစားခဲ့ဖူးတယ်၊ မအောင်မြင်ခဲ့ဘူး။ အခု ဆရာတော် ရွှေကျင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ ဦးဆောင်ပြီးတင်လှူမှ အောင်မြင်ခဲ့ပါတယ်" ဟု ပြောပြသည်။

**ကြေးမုံ**

# ကျေးလက်နေပြည်သူတို့ကို ကျေးရွာသုံးစိုက်ခင်းမှ ထင်းများ အခမဲ့ဖြန့်ဝေပေး



**တောင်သာ မတ် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်နှင့် မျောများကို ဖြည့်ဆည်းပေးရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မတ် ၁ ရက် နံနက် ၉ နာရီက လှည်းကူးမကျေးရွာအုပ်စု ပြဿဒ်ကြီးကျေးရွာ သစ်တောကြိုးဝိုင်းအတွင်း၌ ကျေးရွာနေဒေသခံများအား ဖြန့်ဝေပေးခဲ့သည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက နှစ်စဉ် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ ၂၀၁၆ ခုနှစ် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ အတွင်း ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဧက ၁၀၀ မှထွက်ရှိသည့် ထင်း ၇ ဒသမ ၇၆၁ တန်ကို ပြဿဒ်ကြီးကျေးရွာမှ ကျေးလက်နေပြည်သူများအား တောင်သာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးမင်းနှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့သည်။

အဆိုပါကျေးရွာများအနေဖြင့် လျှပ်စစ်မီးမရှိသောကြောင့် ချက်ပြုတ်ရာတွင် ထင်းကို အမြဲအသုံးပြုနေရပြီး ထင်းကို စည်းကမ်းမဲ့ခုတ်ယူသောကြောင့် သစ်ပင်များပြုန်းတီးခဲ့ရသဖြင့် သစ်ပင်များနည်းပါးလာသည့်အတွက် ရာသီဥတုဖောက်ပြန်မှုများရှိလာသောကြောင့် ဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ထင်းအစား အခြားလောင်စာအသုံးပြုရေး၊ စွမ်းအားမြင့်မီးဖိုအသုံးပြုနည်း သရုပ်ပြပွဲပြုလုပ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# မီးသတ်ရေသယ်ယာဉ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်



**တနင်္သာရီ မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် ရေတွင်းတောင်ကွန်ကရစ်လမ်းပေါ်တွင်တင်ကျန်နေသော မြေသားများနှင့် ဖုန်များအား မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဂါလန် ၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် ဆေးကြောသန့်ရှင်းခြင်းကို မတ် ၁ ရက် ညနေ ၄ နာရီခွဲမှ စတင်ဆောင်ရွက်ခဲ့ကြသည်။

အရှည်ပေ ၁၆၄၀ ရှိပြီး အကျယ် ၁၂ ပေရှိသည့် ရေတွင်းတောင်ကွန်ကရစ်လမ်းတစ်လျှောက်အတွင်း မြေသယ်ကားများ ဖြတ်သန်းသွားလာရာမှ ဖိတ်စဉ်ခဲ့သော မြေသားများနှင့် ဖုန်များကို မြို့အင်္ဂါရပ်နှင့်ညီညွတ်မှုမရှိ၍ သန့်ရှင်းမှုရှိစေရေး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် ဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းအောင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

# မီးဘေးအန္တရာယ်ပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် မတ် ၃**

ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ ယုဇနဈေး၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ယုဇနဈေးတာဝန်ခံရုံးတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းအပါအဝင် ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀ နာရီက အဆိုပါဈေး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောရာတွင် ဈေးများအတွင်း ရောင်းကုန်ပစ္စည်းများကို သိုလှောင်ခြင်းမပြုဘဲ တစ်နေ့ကုန်လောက်သည့် ပမာဏသာ သယ်ယူရောင်းချရန်၊ ဈေးဆိုင်များအတွင်း ချက်ပြုတ်ခြင်းများမပြုလုပ်ကြရန်၊ ဈေးအတွင်း အမွှေးတိုင်၊ ဖယောင်းတိုင်၊ ခြင်ဆေးခွေများ မထွန်းညှိကြရန်နှင့် ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်မီးများကို ဆင့်ပွား၍ သုံးစွဲခြင်းမပြုကြရန် ပြောကြားသည်။

ယင်းနောက် ယုဇနဈေးတာဝန်ခံ ဦးသိန်းဝင်းနိုင်နှင့် ဈေးသာယာရေးကော်မတီဝင်များ၊ ဈေးဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများက ဆီမီးလောင်ခြင်းနှင့် အခြားလောင်စာဆီများ လောင်ကျွမ်းခြင်းတို့ကို ဓာတုဗေဒပေါင်ဒါမှုန့်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်လေ့ကျင့်မှုကို ဆောင်ရွက်ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်သည့်ပုံစံအတိုင်း လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

**စိုးမိုး(ပြန်/ဆက်)**



# ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများအား အတည်ပြုဆွေးနွေး

**ဘောလခဲ မတ် ၃**

မယ်စဲ့ မတ် ၁ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်၌ ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်)စက်ဝန်းတွင် ဆောင်ရွက်မည့် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ အတည်ပြုဆွေးနွေးပွဲကို မတ် ၁ ရက် မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့ လူထုဗဟိုပြုစီမံကိန်းနည်းပညာအကြံပေးအဖွဲ့တာဝန်ခံ ဦးနန်းထိုက်ရွှေက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာဌာနများနှင့် ထပ်တူမှုရှိ၊ မရှိကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ပထမနှစ်)တွင် လူထုဗဟိုပြုစီမံကိန်းမှ မယ်စဲ့မြို့နယ်ရှိ ကျေးရွာ ၁၀ ရွာ၌ ရေရရှိရေး၊ လမ်း၊ ကျောင်းခြံစည်းရိုးပြုပြင်ခြင်း၊ ကျောင်းဆောင်တိုးချဲ့ခြင်း အစရှိသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရန် ဆက်စပ်သင်တန်းများ ဖွင့်လှစ်ပို့ချ

**ပဲခူး မတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (CDD) မှ စည်းရုံးရေးမှူးများအား စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေမည့် သတင်းဆက်သွယ်ပြန်ကြားရေး၊ ဝေဖန်အကြံပြုတိုင်ကြားရေးနှင့် ကျား/မရေးရာ (Communication , Grievance & Gender) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းက ပန်းတောင်းမြို့နယ် ဆုတောင်းပြည့်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်းနှင့်သက်ဆိုင်သူများအားလုံးသည် သတင်းအချက်အလက်များ တိကျမှန်ကန်မြန်ဆန်စွာ ထုတ်ပြန်ဆက်သွယ်နိုင်ရန်၊ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အားနည်းချက် အားသာချက်များနှင့် ပတ်သက်သည့် ဝေဖန်အကြံပြုချက်များအား ပြန်လည်ဖြေရှင်းဆောင်ရွက်တတ်စေရန် ကျား/မတန်းတူ ညီမျှစွာပါဝင်လုပ်ဆောင်၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးစီးရေးအတွက် အဆိုပါသင်တန်းအား သင်ကြားပို့ချရခြင်းဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၅) ဖွင့်လှစ်

**ရှားတော မတ် ၃**

ရှားတောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းဆရာများနှင့် ဌာနဆိုင်ရာများက အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းနည်းပြဆရာနှစ်ဦးဖြင့် သင်တန်းပို့ချသွားမည်ဖြစ်ရာ သင်တန်းကာလကို မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ



# ဘယ်သူက အလံဖြူလွှင့်စေခဲ့တာလဲ

ဆုံးငှက်

ကျွန်တော်သည် ၁၉၉၉ ကတည်းက ယခုနေထိုင်သော အောင်ပင်လယ် လမိုင်းလယ် အဝန်းအဝိုင်းရှိ လယ်တောအိမ်ကလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုစဉ်က ကျွန်တော့်အိမ်ကလေး၏ မြောက်ဘက်ခြမ်းမှာသာ လူနေအိမ်ခြေတွေရှိသည်။ တောင်ဘက်ခြမ်းမှာက ကွင်းပြင်တစ်လျှောက်လုံး အောင်ပင်လယ်ကန်ပေါင်ရိုးအထိ ပိတ်စွယ်ရိုင်း တောကြီးဖြစ်သည်။ ယခု ၂၆ ဘီလမ်းမကြီးက မြေသားလမ်းပေါ် ကျောက်ကြမ်းတွေခင်းပြီးကာစ၊ မချောမွေ့သေး။ ညတိုင်းခြောက်ဗို့ ဘက်ထရီ မီးလုံးလေး၏ အလင်းရောင် မှိန်မှိန်အောက်၌ ရေဒီယိုလေးတစ်လုံးနှင့် ထိုင်နေရင်း ပိတ်စွယ်တောကြီးပေါ် တိုင်ဦးတမ်းကစားနေကြသော ပိုးစုန်းကြူးအုပ်ကြီး၏ ပဒေသာကပွဲကိုပဲ ကြည့်ရှုနေရသည်။

**နှလုံးစိတ်ဝမ်းအေးချမ်း**

ဝါတွင်းကာလတွင်မူ တောင်ဘက်ကျန်းမာရေးရပ်ကွက် ဓမ္မာရုံဆီကဖွင့်နေသည့် အသံချဲ့စက်မှ ဗုဒ္ဓဝင်ဖွားတော်မူခန်း ဓာတ်ပြားမှအသံများနှင့် နှလုံးစိတ်ဝမ်းအေးချမ်းရပြန်၏။ မနက်လင်းလျှင်ဖြင့် ကိုယ့်အိမ်အရှေ့ဘက်မှာလည်း ပိတ်စွယ်တောကြီးမို့ အရှေ့ရိုးမပေါ်က ခေါင်းပြူလာသော ထွန်းသစ်စနေရောင်ခြည်ကို အစောဆုံးထိတွေ့ရပြန်သည်။ နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် ရန်ကင်းတောင်ပေါ်မှ စေတီပုထိုးတို့၏ မှန်စီရွှေချအရောင်လက်လက်များလည်း ကွန့်မြူးနေ၏။ ရန်ကင်းတောင်နှင့် အရှေ့ရိုးမကြားက ထုံးသင်္ကန်းဖြူဖြူတွေက ရေတံခွန်တောင်ဖြစ်မှာပေါ့။

လယ်တော အိမ်လေးပတ်ဝန်းကျင်မှာ သရက်ခြံ၊ သပြေခြံကြီးတွေလည်း ရှိသည်။ ပေ ၅၀ ပတ်လည်လောက်ရှိမည့် ရေကန်ကြီးတွေလည်းရှိသည်။ တောစပ်လက်ကျန်မှာ မနက်ကတည်းက ကျေးငှက်ပေါင်းစုံတို့ ညီလာခံကြ၏။ ချိုးကူးသံ နွဲ့နွဲ့က ညီလာခံကို စည်ရွှန်းပေးနေသည်နှင့်တူသည်။ မနက်စောစောကတော့ ညက အိပ်တန်းတက်ခဲ့သော ရေဘဲအုပ်တွေအသံပေးရင်း အစာရှာထွက်သွားကြပြီ။ အိမ်ရှေ့တောလမ်းလေးဘေးက မြက်ရိုင်းပင်တွေမှာ နှင်းငွေ့အစိုပြန်နေ၏။ တောစပယ်ပန်းလေးတွေက မွှေးပျံ့သည်။ လမ်းကလေးက အနောက်ဘက် မြို့ပတ်မီးရထားလမ်းနှင့် ရေနီမြောင်းဆီဦးတည်သည်။

**လယ်တောအိမ်လေး**

အစက ထိုလယ်တောအိမ်လေးမှာ နေထိုင်းရင်း မြို့လယ်ခေါင်က 'အတိတ်' ကိုလွမ်းဆွတ်နေမိသေး၏။ အထီးကျန်သလိုလည်း ခံစားမိသေး၏။ နောက်တော့ နေသားကျသွားသည်။ မနက်စောစောလမ်းလျှောက်ထွက်ရင်း နားခိုအပန်းဖြေစရာ နေရာလေးတစ်ခုကို တွေ့ရှိသွားခဲ့သည်။ အောင်ပင်လယ်ကန်ပေါ်ရိုးမေးတင်သော ကန်စပ်က စိမ်းမြအေးရိပ်ငြိမ်သက်နေရာဖြစ်သည်။ ထိုနေရာမှာ ပိတောက်တွေ ဝေနေအောင်လည်း ပွင့်တတ်သလို ဝါစက်သော ပိတောက်ပွင့်ဖတ်တွေလည်း ဖွေ့ဖွေ့ကြွေတတ်သည်။ စမ်းချောင်းရေစပ်လည်းရှိ၏။ မဟော်ဂနီရွက်ဖားဖားတွေလည်းရှိ၏။ စက္ကူပန်းရောင်စုံတွေလည်းရှိ၏။ အယုဒ္ဓယ မြန်မြန်နမ်းလှည့် ပန်းနီနီ၊ ဖြူဖြူတွေလည်းရှိ၏။ ဗုဒ္ဓံသရဏံပွင့်ဝါ၊ ပွင့်နီတွေလည်းရှိ၏။ နန်းဦးလွင်ရွာက ထိုမိသားစုပန်းခြံလက်ဖက်ရည်ဆိုင်လေးမှာ ထိုင်းရင်း 'မန္တလေး' ကို ပိုမိုသိရှိခံစားခဲ့ရသည်။



ထိုပိတောက်ပင်ရိပ်အောက်က သစ်သားစားပွဲလေးပေါ်မှာ 'မန္တလေး' ရှိနေတာသေချာပြီ။ အဘယ်ကြောင့်ဆိုသော် ထိုစားပွဲလေးမှာ အစွဲအလမ်းကြီးလွန်းလှစွာသော 'ငါတို့ မန္တလေးမှ မန္တလေးသား'တွေ မနက်တိုင်းလိုလို စုဖြစ်ကြလို့ဖြစ်သည်။ သီချင်းရေးဆရာပါသည်။ ပြဇာတ် ရုပ်ရှင်ဒါရိုက်တာပါသည်။ ဆိုင်းဆရာ ရွှာစားပါသည်။ စာရေးဆရာပါသည်။ ကာတွန်းဆရာပါသည်။ ဂီတမျူးပါသည်။ သရုပ်ဆောင်ပါသည်။ အဆိုတော်ပါသည်။ ရုပ်ရှင်ထုတ်လုပ်သူပါသည်။ ပန်းပုဆရာပါသည်။ ဆက်တင်ဆရာပါသည်။ ပန်းချီဆရာပါသည်။ ပြဇာတ်မင်းသားပါသည်။ ကဗျာဆရာပါသည်။ ရိုက်ကူးရေးမန်နေဂျာပါသည်။ ဇာတ်မန်နေဂျာပါသည်။ လေမှုတ်တူရိယာပညာရှင်ပါသည်။ မြန်မာစာ ကထိကပါသည်။

ထို 'မန္တလေး' စကားဝိုင်းက မနက် ၇ နာရီလောက်မှ တစ်ခါခါ ၁၀ နာရီလောက် ထိုင်သွားတတ်သေးသည်။ မန္တလေးကို ဘယ်သူတွေ ဘယ်လိုပဲ ရွှေ့ရွှေ့ ထိုစားပွဲလေးမှာတော့ မရွှေ့စတမ်း ကုပ်ကပ်အားတင်းနေ ကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မန္တလေးကို မရွှေ့စေချင်သူတွေ ရောက်လာပြန်၏။

**မန္တလေးမရွှေ့ရေး**

တစ်ခါတစ်ခါ မန္တလေးရောက်နေသည့် ဇာတ်မင်းသားလေးလည်း သူ့အိမ်ဆီက ခြေကျင်ကူးလာချေသည်။ တစ်နှစ်မှာ တစ်ကြိမ်နှစ်ကြိမ်ဆိုသလို မန္တလေးသားဖြစ်သော မန္တလေးနှင့်နွယ်သော၊ မန္တလေးကိုနားလည်သော နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာ တစ်ဦးစနှစ်ဦးစလည်း ရောက်လာတတ်သည်။ သူတို့က ရန်ကုန်မှာ အနေကြာ (သို့မဟုတ်) ရန်ကုန်သား ဖြစ်နေပြန်တော့ မန္တလေးကို ခေတ်နှင့် လိုက်လျောညီထွေစွာဟု ဆိုကာ ရွှေ့ဖို့ ဩဝါဒလာခြွေတတ်၏။ ဒီမှာက အရိုးစွဲ၊ ခေါက်ရိုးကျိုး၊ ခေါင်းမာ၊ ပေကပ်နေကြတော့ မန္တလေးမရွှေ့ရေး အာဘော်များအောက် နစ်မွန်းပြီး လက်လျှော့ပေးသွားကြသည်။ မန္တလေးကို မရွှေ့စေချင် သူတွေကတော့ လက်ဖက်ရည်ကြမ်းအိုးများစွာနှင့်ပဲ ခုခံနေကြဆဲ၊ ရွှေ့သည့် မန္တလေးက (ထုံးစံအတိုင်း) ရွှေ့နေသည်။ မတတ်နိုင် ရွှေ့ခြင်းက သူ့ကိစ္စပဲ။ ကျွန်တော်တို့ စားပွဲဝိုင်းလေးကတော့ မရွှေ့ရေးကြွဲကြွဲခံဆဲ။ မန္တလေး သန္တေ မရွှေ့ရေး ဒို့ခေတ်ကိုမျှော်လင့်ရင်း အားကိုးရှာခဲ့ကြသည်လေ။

> “အင်မတန် မြန်မာဆန်သော၊ မြန်မာဆန်မှု၏ အညွန့် အဖူး၊ အထွတ်အထိပ် ထီးနန်းဆန်သော၊ ရုပ်ဝတ္ထုအလှ သာမက စိတ်ရင်းစိတ်ဓာတ် အလှအပတို့ စုစည်း ရာဖြစ်ခဲ့သော မန္တလေးကို . . .”

ဘာကြာသေးလို့လဲ။ မန္တလေးမရွှေ့ရေး ခေါင်းမာခဲ့ကြပြီး နိုင်ရာနိုင်ရာ အနုပညာဆိုသဟာများနှင့် ခေါင်းမာခဲ့ကြတာ ဘာကြာသေးလို့လဲ။ ဤသို့ ခေါင်းမာခဲ့ကြသည်မှာလည်း မန္တလေးသန္တေ ဟူသည် ရွှေထီးရွှေနန်းပြာသာဒ်အဆောင်နှင့် အတိတ်ရွှေထီးဆောင်းရွှေရောင်ထက်။ မြန်မာကို ကိုယ်စားပြုသော စရိုက်လက္ခဏာ၊ မြန်မာကို ကိုယ်စားပြုသောစိတ်ဓာတ်၊ မြန်မာကို ကိုယ်စားပြုသော သဘောသဘာဝ တန်ဖိုးများကို ပိုမိုလွမ်းဆွတ်တသမှုဟူသော ဖိတ်ဖိတ်တောက် ရွှေရောင်များကိုသာ ဆိုလိုသည်။

အချိန်ကာလတစ်ခုမှာ အဲဒီ မန္တလေးက ခေတ်ကာလအရွှေ့ကိုဆင်ခြေပေးပြီး မူရင်း ဖိတ်ဖိတ်တောက် ရွှေရောင်တွေ မှေးမှိန်ကုန်သည်။ မန္တလေးနှင့်အတူ မြန်မာဆိုတာ ညှိုးမှိန်၊ အဲဒီ မြန်မာဆိုတာ ဆိတ်သုဉ်း၊ အဲဒီ မြန်မာဆိုတာ ကွယ်ပျောက်လုဖြစ်ခဲ့ရတော့၊ မြန်မာ ကိုယ်စားပြု မန္တလေးကို ရော်ရမ်းမျှော်မှန်း လွမ်းဆွတ်ခဲ့တာပဲဖြစ်သည်။

**ယုံကြည်မှုနဲ့ချစ်ခဲ့**

ရှေးက မန္တလေးကိုချစ်ကြတယ်ဆိုရာ၌ ယုံကြည်မှုနဲ့ချစ်ခဲ့ကြ၊ အတွေးအခေါ်နဲ့ချစ်ခဲ့ကြခြင်းဖြစ်သည်။ ကျဉ်းမြောင်းတဲ့ဒေသစွဲနှင့် ငါ့မြို့၊ ငါ့မြေဆိုတာမျိုး ချစ်ခဲ့ကြတာမျိုးမဟုတ်။ စွဲလမ်းခဲ့ကြတာမျိုးမဟုတ်။

ပြည်ရွှေတောင် ဝါးလည်ရွာသား ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း ဒီစိတ်ဓာတ်နှင့်မန္တလေးချစ်ခဲ့သည်။ မုံရွာသား လယ်တီပဏ္ဍိတ ဦးမောင်ကြီးလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ဖျာပုံသား ဆရာဇော်ဂျီလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေး ချစ်ခဲ့သည်။ ကွမ်းခြံကုန်းသား ဆရာမင်းသုဝဏ်လည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ဇီးကုန်းသား ဆရာဇေယျလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ စစ်ကိုင်းသား ဆရာကြီးမဟာဆွေလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ မုံရွာသား ဆရာညိုမြလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ပြည်သားဇဝနလည်း ဒီစိတ်ဓာတ်နဲ့ ချစ်ခဲ့သည်။ ရခိုင်ပြည်နယ် သံတွဲသား ပါမောက္ခ ဦးကျော်ရင်လည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ဟင်္သာတ ကျုံတဒူးသား ဦးဆန်းထွန်းလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးကိုချစ်ခဲ့သည်။။ ညောင်လေးပင် ပုစွန်မြောင်းသား ကြီးပွားရေးဦးလှလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ရေကြည်သား ဒေါက်တာ သန်းထွန်းလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ပခုက္ကူမြိုင်သား မြသန်းတင့်လည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့သည်။ ဒီလိုနဲ့ ရန်ကုန်သား၊ မော်လမြိုင်သား၊ မြင်းခြံသား၊ စစ်ကိုင်းသား၊ မုံရွာသား၊ တောင်ကြီးသား၊ မြစ်ကြီးနားသား၊ တံတားဦး အင်းဝသားတွေလည်း ဒီစိတ်ဓာတ်နဲ့ မန္တလေးချစ်ခဲ့ကြသည်မဟုတ်လား။

မန္တလေးမှာ မွေးဖွား၊ မန္တလေးစိတ်ဓာတ်ကို အပြည့်အဝသဘောပေါက်၊ လက်ဆင့်ကမ်းယူခဲ့ကြတဲ့ စာရေးဆရာ၊ ဆရာမကြီးများ၊ အနုပညာရှင်ကြီးများဆိုရင် အထူးပြောစရာမရှိတော့။

**နန်းတော်ရှေ့ ဆရာတင်ရေးသလိုပါပဲ။**
**ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်**
**လက်ရေတပြင်တည်း ...**
**ရှေးကတော့ ပိုချစ်ကြတယ်...ဆိုတာမျိုး...။**

ဟုတ်ပါသည်။ အင်မတန် မြန်မာဆန်သော၊ မြန်မာဆန်မှု၏ အညွန့်အဖူး၊ အထွတ်အထိပ် ထီးနန်းဆန်သော၊ ရုပ်ဝတ္ထုအလှသာမက စိတ်ရင်းစိတ်ဓာတ် အလှအပတို့ စုစည်းရာဖြစ်ခဲ့သော မန္တလေးကို ရှေးပညာရှိမြန်မာကြီးများကိုယ်နှိုက်က တမြတ်တနိုးချစ်ခဲ့ကြသည်။

ဘယ်အထိချစ်ခဲ့ကြသလဲဆိုရင် မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ် မန္တလေး အနှစ် ၁၀၀ တင်းတင်းပြည့်တဲ့အထိ ထိုအချစ်၊ ထိုအနှစ်က လျော့ကျမသွားခဲ့။

**မန္တလေးဆို ရွှေမြို့၊ တို့ရတနာပုံနေပြည် ...**
**တင့်တယ်သာယာစည်ကား ဟိုတုန်းအခါကလေ ....**

အဲဒါတွေ မတွေးကြနဲ့ ရှေ့ဆက်ကာ စီမံကြံစို့လေဟု တေးရေးဆရာ အေဝမ်းဆရာညှာ တိုက်တွန်းခဲ့သလို ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပြာပုံအတိပြားပြားဝပ် ပျက်စီးခဲ့တဲ့ မန္တလေးကို နဂိုမူလမန္တလေးမူ၊ မန္တလေးဟန်၊ မန္တလေးသန္တေမပျောက်သော၊ နဖူးကချွေး ခြေမကျမ္ဘ ရွှေမြို့တော်သူ ရွှေမြို့တော်သား အားလုံးက စွမ်းစွမ်းတမံ ပြန်လည်တည်ဆောက် ခိုင်မာစေခဲ့တာ မန္တလေးအနှစ် ၁၀၀ ပြည့်မှာထိ ဒီစိတ်ဓာတ် ဒီအားမာန်က ရှင်သန်တက်ကြွနေဆဲ။ ဒီစိတ်ဓာတ် ဒီအားမာန်နဲ့ မန္တလေးကို ချစ်ခင်ကြဆဲဆိုတာ အထင်အရှားဖြစ်သည်။

ကျွန်တော်တို့ လူလားမြောက်ပြီး လူ့တာဝန်ထမ်းဆောင်နိုင်တဲ့ မန္တလေးအနှစ် ၁၀၀ ပြည့်ရဲ့ ဒီဖက်နှစ် ၆၀ နီးပါး သက်တမ်းမှာ. . .

**ပြုံးရယ်တဲ့ မန္တလေးလား ... ဖုံးကွယ်တဲ့**
**မန္တလေးလား ...**
**ရှေ့ရောက်တဲ့ မန္တလေးလား ... မေ့ပျောက်တဲ့**
**မန္တလေးလား ...**
**အကြံအောင်တဲ့ မန္တလေးလား ... ဟန်ဆောင်တဲ့**
**မန္တလေးလား ...**
**ချစ်ခင်တဲ့ မန္တလေးလား ... ညစ်ချင်တဲ့**
**မန္တလေးလား ...**
**ရတနာရတဲ့မန္တလေးလား...ခဝါချတဲ့ မန္တလေးလား...**
**ရွှေထီးဆောင်းတဲ့ မန္တလေးလား...မြေကြီးအောင်းတဲ့**
**မန္တလေးလား ...**
**အသရေတက်တဲ့ မန္တလေးလား ... အခြေပျက်တဲ့**
**မန္တလေးလား ...**
**အညွန့်ဖြာတဲ့ မန္တလေးလား ... စွန့်ခွာတဲ့**
**မန္တလေးလား ...**
**တွန်သံသာတဲ့ မန္တလေးလား ... မလွန်ဆန်ရှာတဲ့**
**မန္တလေးလား ...**
**တရားသိတဲ့ မန္တလေးလား ... အမှားအပြည့်နဲ့**
**မန္တလေးလား ...**
**ကျက်သရေရှိတဲ့ မန္တလေးလား ... ရတက်ပွေမိတဲ့**
**မန္တလေးလား ... လား .... လား ... လား ...**

သေချာတာတစ်ခုကလည်း ကုန်လွန်ခဲ့သော ၁၀ နှစ်ကျော် ၁၅ နှစ်လောက်က နန်းဦးလွင်ရွာ မိသားစုလက်ဖက်ရည်ဆိုင်က စားပွဲလေးမှာ မနက်တိုင်း သည်းကြီးမဲကြီးဆုံကြပြီး မန္တလေးမရွှေ့ရေး ခေါင်းမာခဲ့ကြသော 'ငါတို့ မန္တလေးမှ မန္တလေးသားတွေ' ဟူသည် အခုတော့ တောင်မင်း မြောက်မင်းမကယ်နိုင်သည့်ကိန်းဖြင့် အကွဲကွဲအပြားပြားနှင့် ဘယ်ဆီသို့ ဘယ်ညာသို့ လွမ်းပါရမယ် ဆွေးပါရမယ် အခြေအနေပင် ရောက်သွားကြကုန်၏။ ဒို့ခေတ်ရောက်ပါမှ ဘယ်သူကမှ အသိအမှတ်ပြုဖော်မရတော့သည့် အမေ့ခံများဖြစ်ကုန်ကြလေပြီ။

မန္တလေးလည်း ထိန်းမနိုင်သိမ်းမနိုင်ရွှေ့၊ မန္တလေးသားတွေလည်း ကုန်းကောက်စရာမရှိအောင်ရွှေ့။ နောက်ဆုံးခံတပ်ဟူသည်ကား သပြေတန်းခံတပ်အလားကျဆုံးခဲ့။ ဘယ်သူက အလံဖြူလွှင့်စေခဲ့တာလဲ။

❖

# စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေး ခေါင်လိုက်ရော အလျားလိုက်ပါ ပူးပေါင်းဆောင်ရွက်



**နေပြည်တော် မတ် ၃**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့်ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ကဏ္ဍစုံဘက်စုံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးနှင့် စာရင်းအင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နဝမအကြိမ် လုပ်ငန်းကဏ္ဍဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ရုံးအမှတ် (၃၂) ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics–NSDS) ကို ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် NSDS လုပ်ငန်းကော်မတီဝင်များ၏ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာတွင် အပိုင်းနှစ်ပိုင်းပါရှိပါကြောင်း၊ အပိုင်း(၁)အနေဖြင့် အဓိကမဟာဗျူဟာ (Core Strategy)ကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အပိုင်း(၂)အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်မှာလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ရှည်စီမံကိန်းအတွက် လိုအပ်သည့် စာရင်းအင်းအချက်အလက်များ၊ အကြံဉာဏ်နှင့် အကူအညီများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိပါကြောင်း၊ စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေး လုပ်ငန်းစဉ်များသည် ခေါင်လိုက်ရော အလျားလိုက်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ ယန္တရားလည်ပတ်နေပြီဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် UNFPA တွဲဖက်ဥက္ကဋ္ဌ Ms. Janet Jackson မှ စာရင်းအင်းအရည်အသွေးဖွံ့ဖြိုးမှုမိတ်ဖက်များကိုယ်စား အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဗဟိုစာရင်းအင်းအဖွဲ့၏ လတ်တလောစာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအနေဖြင့် စာရင်းအင်းအရည်အသွေးပြည့်ဝရေး ကော်မတီ (၃/၂၀၁၆) အစည်းအဝေးရလဒ်နှင့် အောင်မြင်မှုများ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေးတွင် တင်ပြခဲ့သည့် စစ်တမ်းတွေ့ရှိချက်များ၊ စာရင်းအင်းဥပဒေပြဋ္ဌာန်းရန် ဆောင်ရွက်ထားရှိမှု၊ အမျိုးသားအဆင့်မဟာဗျူဟာ (NSDS) ဆောင်ရွက်နေမှုများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ SDGs Indicators Baseline Report ထွက်ရှိမှု၊ ဖွားသေစာရင်းအင်း တိုးတက်လာမှု၊ မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းနှင့် စာရင်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးမှ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီး



**မုံရွာ မတ် ၃**

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မူးမြစ်နှင့် မြစ်သာမြစ်တို့ဖြတ်သန်းစီးဆင်းရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မိုးရာသီမြစ်ရေကြီးမြင့်ချိန်များ၌ မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာပိုင်မြေများ၊ စိုက်ပျိုးမြေများကို မြစ်ရေတိုက်စားပြီး ပျက်စီးဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် နေရာ ၂၉ ခုတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း နှစ်နေရာ၊ မြင်းမူမြို့နယ်အတွင်း တစ်နေရာ၊ မြောင်မြို့နယ်အတွင်း တစ်နေရာ၊ ဝက်လက်မြို့နယ်အတွင်း တစ်နေရာ၊ ရေဦးမြို့နယ်အတွင်း တစ်နေရာ၊ ထီးချိုင့်မြို့နယ်အတွင်း တစ်နေရာ၊ ဝန်းသိုမြို့နယ်အတွင်း တစ်နေရာ၊ ကသာမြို့နယ်အတွင်း တစ်နေရာ၊ မုံရွာမြို့နယ်အတွင်း တစ်နေရာ၊ ကနီမြို့နယ်အတွင်း လေးနေရာ၊ မင်းကင်းမြို့နယ်အတွင်း တစ်နေရာ၊ ကလေးဝမြို့နယ်အတွင်း သုံးနေရာ၊ ကလေးမြို့နယ်အတွင်း သုံးနေရာ၊ ဖောင်းပြင်မြို့နယ်အတွင်း သုံးနေရာ၊ မော်လိုက်မြို့နယ်အတွင်း နှစ်နေရာ၊ ဟုမ္မလင်းမြို့နယ်အတွင်း သုံးနေရာ စုစုပေါင်း ၂၉ နေရာကို ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို ဇန်နဝါရီ ပထမပတ်က စပြီးလုပ်ဆောင်တာပါ။ နေရာလေးခုကတော့ ရာနှုန်းပြည့် ပြီးစီးပါပြီ။ ကျန်တဲ့ နေရာ ၂၅ ခုကတော့ လုပ်ငန်းတွေဆက်ပြီးလုပ်နေပါတယ်။ ပြီးစီးမှုအနေနဲ့ကတော့ လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းပြီးစီးပါပြီ။ သတ်မှတ်ကာလအတွင်းမှာ လုပ်ငန်းအားလုံးပြီးစီးဖို့အတွက်လည်း ကျွန်တော်တို့အနေနဲ့ လိုက်လံကြီးကြပ်လုပ်ဆောင်နေပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၉ ခုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၅၂ ဒသမ ၇၀ သန်းဖြင့် ဇန်နဝါရီပထမပတ်မှ စတင်လုပ်ဆောင်ခဲ့ရာ ယခုအခါတွင် ကလေးဝမြို့နယ် မထုကြီးကျေးရွာနှင့် ကျွဲကူးကျေးရွာတို့ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မုံရွာမြို့ ကမ်းနားလမ်း ရေထိန်းနံရံများတွင် ထပ်ပိုးမြေဖို့လုပ်ငန်းနှင့် ဝက်လက်မြို့နယ် စွယ်ကွေ့ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း တောင်ကြီးမြို့တွင်ဖွင့်လှစ်

**တောင်ကြီး မတ် ၃**

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ဂျုံ၊ ပြောင်းနှင့် သီးနှံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများအား အဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်သင်တန်းခန်းမ၌ ပြည်တွင်းထွက်ဆန်၊ ပဲ၊ ဂျုံ၊ ပြောင်းနှင့်သီးနှံအခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲပြုလုပ်ခဲ့ရာ တောင်ကြီး၊ ရွှာင်၊ အောင်ပန်းမြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ကိတ်မုန့်ပြုလုပ်နည်း လေးမျိုး (crep cake, chiffon cake, သီးစုံကိတ်၊ ပန်းသီးနှင့်ငှက်ပျော်သီးကိတ်)၊ ကွတ်ကီး၊ တို့ဟူးခေါက်၊ ငါးမုန့်၊ ငှက်ပျောပေါင်းခြောက်၊ အာလူးခြောက်၊ ကြက်သွန်ပေါင်းခြောက် စသည့်အမယ် ၁၀ မျိုးအား စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အတွင်းရှိ တောင်ကြီး၊ ပင်းတယ၊ ရွှာင်၊ ရပ်စောက်၊ ပင်လောင်း၊ ကလော၊ အောင်ပန်း၊ ရွှေညောင်၊ ဆီဆိုင်၊ ညောင်ရွှေမြို့နယ် အင်းပေါခုံ၊ လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ ကျိုင်းတုံ၊ တာချီလိတ်မြို့တို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူသင်တန်းများဖြစ်သည့် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် ရက်ကန်းအခြေခံသင်တန်းများဖြစ်သည့် သဘာဝဆိုးဆေးနည်းပညာသင်တန်း၊ အထည်ပန်းပုံရိုက်နှိပ်ဆေးရေးပန်းချီသင်တန်းများအား ၃၄ ကြိမ်၊ တစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၂၀ ဖြင့် ပြည်နယ်အတွင်းရှိ အသက်မွေးဝမ်းကျောင်းပညာရှာမှီးလိုသူ ၆၈၀ အား သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# မုံရွာမြို့တော်ခန်းမကြီးကို အကြီးစားပြုပြင် ခေတ်မီပစ္စည်းများ ထည့်သွင်းထား

**မုံရွာ မတ် ၃**

မုံရွာမြို့ မြို့တော်ခန်းမကြီးကို အဆင့်မြင့်အဆောက်အအုံအဖြစ် အကြီးစားပြုပြင်မှုများကို ဖေဖော်ဝါရီ ၂၅ ရက်မှစတင်ကာ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီက ပညာရှင်များဖြင့်ပူးပေါင်းကာ မတ်လအပြီးပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

"မုံရွာမြို့တော်ခန်းမ အကြီးစားပြုပြင်တာကို ဖေဖော်ဝါရီ ၂၅ ရက်ကစတင်တာပါ။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေကနေ ခန်းမကြီး အကြီးစားပြုပြင်တာတွေကို လုပ်နေတာပါ။ ပြုပြင်ပြီး အသစ်ဖြစ်လာရင် ခန်းမရှေ့ပေါ်တီကိုကို ကားတွေရပ်လို့ရအောင် ရှေ့ထုတ်ပြီး ကျယ်သွားအောင်လုပ်မှာပါ။ အဆောက်အအုံကြီးတစ်ခုလုံး အနုစိတ်ပြန်ပြီး အဆင့်မြင့်တင်တဲ့လုပ်ငန်းပါ။ ခန်းမအတွင်းမှာလည်း နိုင်ငံတကာအဆင့်မီပစ္စည်းတွေကို အသုံးပြုမွမ်းမံခြယ်သသွားမှာဖြစ်ပါတယ်။ အသစ်ပြန်ဖြစ်မယ့် မုံရွာမြို့တော်ခန်းမကြီးပုံစံကို ကုမ္ပဏီကအင်ဂျင်နီယာကိုအပ်ပြီး ပုံထုတ်တွက်ချက်ထားတာဖြစ်ပြီး တည်ဆောက်ရေးကိုတော့ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပညာရှင်တွေက ဦးစီးပြီးပြုပြင်တည်ဆောက်နေတာဖြစ်ပါတယ်" ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာမှူး ဦးလှမျိုးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေမှ ကျပ်သိန်း ၁၅၀၀ အကုန်အကျခံ၍ တည်ဆောက်ပြုပြင်နေသော မုံရွာမြို့တော်ခန်းမသည် အလျား ၂၁၆ ပေ ၆ လက်မရှည်ပြီး အနံ ပေ ၇၀ ရှိသော ခံ့ညားလှသည့်ခန်းမကြီးအဖြစ် တည်ရှိနေရာ ယခုအကြီးစားပြုပြင်မှုတွင် နောက်ဆုံးပေါ် ခေတ်မီပစ္စည်းများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ခန်းမအတွင်းတွင် စီရီအဲယားကွန်းစနစ်တပ်ဆင်မည်ဖြစ်သလို ပရိုဂျက်တာများတပ်ဆင်ကာ အသံကိုလည်း အော်ဒီယိုစနစ်ဖြစ်စေရန် တပ်ဆင်သွားမည်ဖြစ်ပြီး မျက်နှာကြက်များကို ဂျက်ဆင်အလှဆင်ဘုတ်ပြားများ တပ်ဆင်သွားမည်ဖြစ်သည်။

လက်ရှိခန်းမအမိုးကိုဖယ်ခွာ၍ နောက်ဆုံးပေါ် Arman ကာလာသွပ်ပြားများကို မိုးသွားမည်ဖြစ်သလို အခင်းများကိုလည်း ခန်းလုံးပြည့်ကြွေပြားများကပ်၍ အလှဆင်သွားမည်ဖြစ်ပြီး တံခါးပေါက်များကို ကွန်းတံခါးပေါက်များဖြင့် အစားထိုးသွားမည်ဖြစ်ကာ လက်ရှိအသုံးပြုနေသော အများသုံးအိမ်သာကိုလည်း အဆင့်မြင့်ပြုပြင်သွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာမှူးဦးလှမျိုးထံက သိရသည်။

**မျိုးဝင်းထွန်း**



SNN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
SNN

ပစ္စည်းများအားလုံးကို ဒစ်ဂျစ်တယ်ရွှေရည်စမ်းသပ်စက်ဖြင့် စမ်းသပ်ထုတ်လုပ်ထားသောဆန်းသစ်လှပသည့်
စက်ဒီဇိုင်း၊ လက်ဒီဇိုင်း ၁၅`ရည်၊ ၁၆`ရည် ရွှေရည်ပြည့် ရွှေထည်ပစ္စည်းများ၊ စိန်ထည်ပစ္စည်းများကို
ထုတ်လုပ်ရောင်းချပေးနေပါသည်။ ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များကို အလျှော့တွက်လက်ခ
သက်သာစွာဖြင့် ရောင်းချပေးနေပါသည်။ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။



အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၁၀၀၊
၅၃၉၅၁၂၊ ၅၂၃၈၁၈



ADD MORE ACADEMIC AND LIFE SKILLS TO YOUR CHILDREN
IN A COOL, FUN-FILLED AND ENERGISING ENVIRONMENT THIS SUMMER
- From March through May
- For ages 3 to 14 years



# TOTAL SUMMER SCHOOL
Explore, Experience, Enhance

Enroll NOW!!

STEM
BRAINWORKS
K-12 INTEGRATED SCHOOL

| | | | | |
|---|---|---|---|---|
| Kamayut (95)9 3 171 4586 | Sanchaung (951) 526 456 | Bayint Naung (95)9 7 314 3280 | Aung Zay Ya (95)9 2 6293 444 1 - 2 | Thingangyun (951) 8551360 - 3 |
| North Dagon (95)9 79 620 6884 | Kyi Myin Daing (951) 230 0715 - 6 | Tamwe (951) 40 1592 - 4 | 41st Street (951) 37 6010, 22 | Taunggyi (95)081- 20 6765, 20 6841 - 4 |

www.brainworks-total.com

# ROYAL SILVER BEACH HOTEL
သမိုင်းဝင်တန်ခိုးကြီးဆံတော်ရှင်မြတ် မော်တင်စွန်းဘုရားအား သွားရောက်
ဖူးမြော်ချင်သူများအတွက် မရှိမဖြစ်ငွေတောင်ကမ်းခြေရှိ
ROYAL SILVER BEACH HOTEL သို့
အရောက်လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်ပါရစေ. . . .
AIR-CON - ရေပူ၊ရေအေး - SKY NET ရုပ်သံလိုင်း၊ အိမ်သာရေချိုးခန်းတွဲလျက်
ဟိုတယ်ခန်းရှေ့သို့ လူကြီးမင်းတို့၏ ကားဖြင့် ဝင်ရောက်နိုင်ပါသည်။
" ကြိုတင် BOOKING လုပ်နိုင်ပါပြီ။ "
RESERVATION YANGON PH - 01-656708, 01-656709, 01-521877,
09-5131294, 09-255910190
RESERVATION HOTEL PH - 09-8610238, 09-8670233, 09-264579351

# BHI
BHI PAINT

B.H.I INT'L LTD. စက်ရုံ၏ ကုန်ထုတ်လုပ်မှုဌာနမှ အရည်အသွေးပြည့်မီသော BHI WOOD COATING PAINTS (ကုန်ပစ္စည်းမှတ်ပုံတင်အမှတ် ၄/၁၃၈၈၆) ကို ထုတ်လုပ်နိုင်ခြင်းအတွက် ကြိုဆိုဂုဏ်ပြု ပါကြောင်း ဝမ်းမြောက်စွာ ကြေ ညာအပ်ပါသည်။

BHI PAINTS စတင်ထုတ်လုပ်ခြင်းအထိမ်းအမှတ်အနေဖြင့် အရောင်းမြှင့်တင်ရေးအစီအစဉ်များကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

MARKETING & SALES

STUDY GRANT
S$1500
Application Fee Waive



HND, NCC, abe ပြီးရင်
" ဘယ်တက္ကသိုလ်တွေမှာ ဆက်ပြီးလေ့လာကြမလဲ "

- အသက်မွေးဝမ်းကြောင်းပညာအတွက် Business အပြင် အခြား ရွေးချယ်နိုင်သည့် အထူးပြုဘာသာရပ်များ
- နိုင်ငံတကာတက္ကသိုလ်များကို တက်ရောက်ရန် HND, NCC, abe သင်ယူထားသော မြန်မာကျောင်းသား ကျောင်းသူများ ကြိုတင် ပြင်ဆင်ထားရမည့် ပညာရေးဆိုင်ရာ လိုအပ်ချက်များ
- HND ပြီးထားတဲ့ ကျောင်းသားများအတွက် အချိန်တိုအတွင်း တိုက်ရိုက် တက်ရောက်ရယူနိုင်သည့် အင်္ဂလန် ထိပ်တန်းတက္ကသိုလ်များရဲ့ Single / Double ဘွဲ့များအကြောင်း
- စင်ကာပူမှာတင် သင်ယူနိုင်မည့် အင်္ဂလန်ပညာရေးလမ်းကြောင်းများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

Register Now : 01 527 838 - 09 450 200 040 - 09 732 732 77

Organized by
CROWN EDUCATION & KAPLAN

Mar 11 (Sat)
2:00 pm - 4:00 pm
NOVOTEL HOTEL (Eureka Room)

နန်းထိုက်အောင်
အိမ်ခြံမြေ၊ အိမ်ရှာဖွေရောင်းဝယ်ရေးလုပ်ငန်း
လူကြီးမင်းတို့၏ ထိမ်းခန်း
နှုံးခန်း ဆိုင်ခန်းများ
ပြောင်းရွှေ့ခြင်းအတွက်
အလုပ်သမားနှင့် ကားစီစဉ်ပေးသည်
09 3128 2593
09 3128 2594
09 3128 2595

ခင့်မြို့သစ်
အရှေ့ပိုင်း၊
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း၊
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

GOLDEN CITY 09-450765726,09-454466958
09-781076743,09-457557040

GROUP TOUR TRAVEL
မတ်လနှင့် ဧပြီလအတွက် (၅ရက်/၄ည) ခရီးစဉ်များ
ထွက်ခွာမည့်နေ့ March24 , April13 , April17 , April28
❑ တောင်ကြီး - အင်းလေး - ပင်းတယ - ကလော
❖ ၁၇xxxxကျပ် >>>> March24 , April28
❖ ၁၈xxxxကျပ် >>>> April13 , April17
❑ ထားဝယ်(ရှင်ကိုးရှင်) - မောင်းမကန်ကမ်းခြေ
❖ ၁၇xxxxကျပ် >>>> March24 , April28
❖ ၁၈xxxxကျပ် >>>> April13 , April17
ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် မိသားစုများ အတွက် သွားရောက်လိုသော ခရီးစဉ်များကို သီးသန့်အထူးဈေးနှုန်းများဖြင့် စီစဉ်ဆောင်ရွက်ပေးနေပါပြီရှင်။
Contact Us : 09 2610 20062 , 09 5138 553

(၁၃)ညအိပ် (၁၄)ရက်ခရီးစဉ် - 750 USD + ၂ သိန်းကျပ်

DADDY
မြဝတီ-မဲဆောက် 110000
Mar-3,10,17,24,31
Ph: 09 448001903

အမြန်အလိုရှိသည်
CNG TAXI ယာဉ်မောင်း(၁)ဦး
စဘော် ၃သိန်း၊ အုံနာခ-၁၃၀၀၀၊
ပုဇွန်တောင်မြို့နယ်နီးသူ ဦးစားပေး။
Ph:09-766137798

## ဖိတ်ကြားလွှာ

